ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူ့အပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 3 October 2024 ၁၁၅၉၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ပတွင် သွားရောက် အလုပ် လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကရတ်သွန်"မှ ပြုတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ အောက်တိုဘာ ၆ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



ကျွန်းလှမြို့နယ်၌ မိုးမြေပဲ နုတ်သိမ်းနေမှုကို တွေ့ရစဉ်။

## ကျွန်းလှမြို့နယ်၌ မိုးမြေပဲ ၇၂၄၃ ဧက ရိတ်သိမ်းပြီးစီး

ကျွန်းလှ အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော မြေပဲ ၇၂၄၃ ဧက ရိတ်သိမ်းပြီး ၃၁၅၁၄၃ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ■

**ယနေ့ ဖတ်စရာ**

**လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ** စာမျက်နှာ » ၅

FPTP **စနစ်ချည်းသာလော ...** PR **စနစ်ကိုလည်း ပါစေချင်ပါသည်** ဆောင်းပါး စာမျက်နှာ » ၆

**ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေး ကြေညာချက်** စာမျက်နှာ » ၉

ပြည်လုံးကျွတ် သန်းခေါင်စာရင်း တတိယနေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# တိုင်းကျိုးပြည်ပြု အမျိုးသားရေးလှုပ်ရှားမှု

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အမျိုးသားရေးလုပ်ငန်းစဉ်လှုပ်ရှားဆောင်ရွက်မှုကို နိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း စတင်ပြုလုပ်နေပြီဖြစ်သည်။ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီးတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် နိုင်ငံအကျိုးပြု ပြည်သူအကျိုးပြု လုပ်ငန်းစဉ်ကြီးဖြစ်သည်။ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်တစ်ကြိမ် ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၀ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိသည်။

လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းသည် အစိုးရနှင့်သာသက်ဆိုင်သည့် လုပ်ငန်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်။ လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေ အခြေခံအသုံးပြုနိုင်အောင် ကောက်ယူခြင်းဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အဓိကသက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သော်လည်း ပြည်သူအားလုံးနှင့်သက်ဆိုင်သောလုပ်ငန်းဖြစ်၍ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိစေရန် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးနောက် ၁၀ နှစ်ကြာသည့် ၂၀၂၄ ခုနှစ်တွင် ထပ်မံကောက်ယူခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအင်းအချက်အလက်များ ပိုမိုပြည့်စုံစေရန်အတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထပ်မံတိုးမြှင့်ကောက်ယူမည့် အချက်အလက်များအနက် ထင်ရှားသောဥပမာ အနေဖြင့် ပညာရေးကဏ္ဍတွင် ပညာဆက်လက် မသင်ကြားရသည့် အဓိကအကြောင်းရင်း၊ အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်တို့အား တိုးမြှင့်မေးမြန်းထားပြီး ယင်းအချက်များသည် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍတို့တွင် အစိုးရက မည်သို့ဖြည့်ဆည်းပေးရမည်ကို သုံးသပ်ထားသည့် မေးခွန်းများဖြစ်သည်။ စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်ကောက်ယူမည်ဖြစ်ရာ လာရောက်ကောက်ယူမည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ တိုင်းရင်းသားဖြစ်ခြင်း/ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း/ မဖြစ်ခြင်းနှင့် မသက်ဆိုင်ပေ။ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိခြင်း/မရှိခြင်းနှင့်လည်း သက်ဆိုင်ခြင်းမရှိပေ။ သန်းခေါင်စာရင်းတွင် ထည့်သွင်းမကောက်ယူရမည့်သူများမှအပ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိနေသူအားလုံးကိုသာ စာရင်းကောက်ယူမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းမှ သိရှိရသည့် ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝပြုလုပ်မည်မဟုတ်ပေ။ မေးမြန်းထားသည့်မေးခွန်းတွင် နိုင်ငံခြားသို့ရောက်ရှိနေသော အိမ်ထောင်စုဝင်များအတွက်လည်း စိုးရိမ်ရန်မလိုသည့်အပြင် မည်သို့မျှ အရေးယူမည်မဟုတ်သည်ကို သိရှိထားရန်လိုအပ်သည်။

သို့ဖြစ်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းသည် ၁၀ နှစ်တာကာလအတွင်း ကွာဟသွားသော ကိန်းဂဏန်းအချက်အလက်များကို အမှန်ပြန်ဖြစ်စေရန်အတွက် ကောက်ယူခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုလုပ်ပြီး လိုအပ်သည့်မူဝါဒများ၊ မဟာဗျူဟာများနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်ရမည့် စီမံကိန်းများကို အထောက်အကူပြုစေရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးနိုင်ရန်နှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာကို အထောက်အပံ့ပြုရေးဖြစ်ရာ တိုင်းကျိုးပြည်ပြု အမျိုးသားရေးလှုပ်ရှားမှုတွင် အားလုံးပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်ဝင်းဝင်းမော်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဦးကြည်ဇင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

# အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္ပိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္ပိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္ပိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္ပိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့ လည်းကောင်း တိုင်ကြားသူနှင့် အစမ္ပိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၂၅၂ | ၂,၁၉၇,၆၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၆၅၄ | ၂,၂၅၈,၉၀၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၉၀၀ | ၅,၀၅၂ | ၉,၀၉၈,၇၅၀ |
| TMH | ၂,၅၀၀ | ၂,၉၀၀ | ၁,၃၉၂ | ၃,၅၉၆,၃၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၇၇၀ | ၃,၀၁၄,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၅၀ | ၃,၅၀၀ | ၆၂၃ | ၂,၁၄၉,၄၀၀ |
| MADPL(PLB) | ၁၆,၅၀၀ | ၁၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂

နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်း လုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက် ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေး အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထား လုပ်ဆောင်သွားကြရန် ပြောကြားခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံ့ဝန်ထမ်းများ၏ ကဏ္ဍသည် အရေးကြီးသည့်နေရာတွင် ပါဝင်နေသည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ များလာပါက နိုင်ငံတော်၏ စွမ်းဆောင်မှုသည်လည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အာဏာကို အလွဲသုံးစားပြုလုပ်မှုများ ကြီးမားကျယ်ပြန့်လာမှုကို အချိန်မီ တားဆီးကာကွယ်မှုများ မလုပ်နိုင်ပါက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုများလည်း ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းစင်စွာဖြင့် ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ကျောသားရင်သားမခွဲခြားဘဲ သာတူညီမျှစိတ်ဖြင့် ဆက်ဆံရန်၊ မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဂတိ လိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့်နည်းလမ်းတစ်ခု ဖြစ်သည့်အတွက် ယခုကဲ့သို့အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### ■ ကျွန်းလှမြို့နယ်မှ

“ ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးရာသီ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ၊ နှမ်းနဲ့ နေကြာသီးနှံတွေကို စိုက်ပျိုးခဲ့ပါတယ်။ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ အဓိက စိုက်ပျိုးကြပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ အခုအခါ မြေပဲစိုက်ဧကအားလုံးရိတ်သိမ်းပြီး တစ်ဧက ၄၃ ဒသမ ၅၁ တင်း ထွက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

**ကွင်းဆင်းအသိပညာပေး**

မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်နည်းစနစ်မှန်ကန်ရေး သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြများပြုလုပ်ခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် ၇၂၂၃ ဧကလျာထားပြီး ၇၂၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရေတာရှည်မြို့နယ်၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် VDP လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရေတာရှည် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရေဘေးဖြစ်ပွားမှုများသော တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့တွင် ကျေးရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် VDP လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော တောင်နန်ချွန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းနှင့် ရေသန့်စင်စက် ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များ၏ တင်ပြချက်အရ ထပ်မံဆောင်ရွက်ရန်ကျန်သည့်လမ်းအား VDP စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရေး ကျေးရွာကော်မတီဝင်များက ကျပ်သိန်း ၈၀ ထည့်ဝင်မည်ဖြစ်ကြောင်း၊ လာမည့် ဘဏ္ဍာနှစ်တွင်လည်း VDP ဖြင့် လုပ်ငန်းထပ်မံဆောင်ရွက်နိုင်ရေး တင်ပြသွားရန် မှာကြားသည်။

အဆိုပါ တောင်နန်ချွန်ကျေးရွာတွင် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်အား နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူ့ထည့်ဝင်ငွေ ကျပ်သိန်း ၁၆၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘာသာရေးအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် တွေ့ဆုံ၊ ကရဏာလက် လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ လူငယ်များအား ဆန်နှင့် စားသုံးဆီများ ထောက်ပံ့




**မြစ်ကြီးနား အောက်တိုဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်နယ်အတွင်းရှိ ဘာသာရေး အသင်းအဖွဲ့ ၁၆ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံသည်။

**ဝိုင်းဝန်းဆွေးနွေးအဖြေရှာ**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံနှင့် မိမိတို့ဒေသ အတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် အားလုံးက ဝိုင်းဝန်း ဆွေးနွေးအဖြေရှာညှိနှိုင်းဆောင် ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဘာသာတရား၏ အဆုံးအမ အောက်တွင် တည်ငြိမ်အေးချမ်း ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေး ဆုတောင်း ဆက်ကပ်အပ်နှံ ပေးကြရေးနှင့် ပေါင်းစပ် ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် အားလုံးက ပွင့်လင်းရင်းနှီးစွာ တင်ပြ ဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်း အနား တက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့ အသီးသီး မှ ခေါင်းဆောင်များနှင့် တာဝန်ရှိ သူများက သာသနာပြုလုပ်ငန်း များတွင် လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စ ရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ပြည်နယ်ဝန်ကြီး များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်း ဆောင်ရွက်ပေးကြပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ ချုပ်(KBC)မှ သိက္ခာတော်ရဆရာ တော်နှင့် ကက်သလစ်အသင်း တော်ဖာသာတို့က ဆုတောင်း ဆက်ကပ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ အဆိုပါ အစည်းအဝေးခန်းမ၌ ပြည်နယ် အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူ များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးပွဲ ကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များအနေဖြင့် မိမိတို့ ပြည်နယ်/မိမိတို့နိုင်ငံ တည်ငြိမ် အေးချမ်းရေး၊ ငြိမ်းချမ်းရေး အတွက် ပါဝင်သင့်သည့်နေရာမှ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါ ကြောင်း တိုက်တွန်းမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်ပေး**

ယင်းနောက် တိုင်းရင်းသား ခေါင်းဆောင်များက စာပေ ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းရာတွင် လိုအပ်ချက်များ ကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ် ချက်များအပေါ် ဖြည့်စွက်သုံးသပ် ရှင်းလင်းပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သည် ကရဏာလက်လူငယ်ပြုစု ပျိုးထောင်ရေး စခန်းသို့ သွားရောက်ပြီး စခန်းအတွက် ဆန်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံးနှင့် ငွေကျပ် သိန်း ၅၀ ကို ကျောင်းတာဝန်ခံထံ ထောက်ပံ့ ပေးအပ်သည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ နှစ်(၆၀)ပြည့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီ က အမှတ်(၃)ရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းက ပြည်ထဲရေးဝန်ကြီး ဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် Video Clip နှင့် ပြခန်း များပြသပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ယင်းနောက် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်း၊ ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ)ဒုတိယရဲမှူးကြီး အောင်မြင့်ကြည်နှင့် တာဝန်ရှိသူတို့က မှုခင်းများဖော်ထုတ်ဖမ်းဆီးမှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းများ တွင် တက်ကြွစွာပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)၊ မိသားစုစည်းရုံးရေး နှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စုစုလှိုင်နှင့်အဖွဲ့ ဝင်များက ရဲတပ်ဖွဲ့ဝင်မိသားစုများ နေအိမ်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုးရေး ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကော့ကရိတ် အောက်တိုဘာ ၂**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယမန်နေ့က ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယစစ်ဆင်ရေးကွပ်ကဲ ရေးမှူး ဗိုလ်မှူးကြီးနေဝန်းက မိန့်ခွန်းပြောကြားပြီး ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းခန့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာအား ဖတ်ကြားပြီး ဆုရတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခဲ့ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ယနေ့ညနေမှ အောက်တိုဘာ ၆ ရက်အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**○ ရှေ့ဖုံးမှ**

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီး တွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံ မှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိ ပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာများအား မိုးစပါး၊ မိုးနေကြာစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေး

**ပုသိမ် အောက်တိုဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါး ရေကြီးနစ်မြုပ် ဧရိယာများအား မိုးစပါးပြန်လည်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အောက်စုကျေးရွာရှိ တောင်သူဦးတင်ထွန်း၏ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာ စိုက်ဧက ၂ ဒသမ ၅ ဧကတွင် ဗျော့ထွန်းစပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကညင်ငူကျေးရွာရှိ တောင်သူဦးအောင်စိုး၏ ယာမြေတွင် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ထုတ် ငါးဧကစိုက်ပျိုးပွဲကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကဇွန်းခုံကျေးရွာအုပ်စုရှိ ဆီထွက်သီးနှံအထူးဇုန် မြေပဲ၊ နှမ်း၊ နေကြာ ဧက ၃၅၀ စိုက်ခင်းရှိ တောင်သူ ဦးမိုးကျော်သူ၏ မိုးနေကြာ (ဆင်းရွှေကြာ-၂)နှင့် မိုးမြေပဲ (မကွေး-၁၂)စိုက်ခင်း၊ တောင်သူ ဦးအေးလင်း၏ မိုးနေကြာ (ဆင်းရွှေကြာ-၂) စိုက်ခင်း၊ တောင်သူ ဦးမြင့်အောင်၏ မိုးနှမ်း(စမုန်နက်)စိုက်ခင်းတွင် ပေါင်းလိုက်ခြင်း၊ တမန်းနှိုးခြင်း ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးသည်။

**ဆွေးနွေးပြောကြား**

ထို့နောက်မြန်အောင်မြို့သဘာဝမီးစက်လမ်းရှိ "ကောင်းသန့်" ဆီစက်သို့သွားရောက်၍ မြေပဲ၊ နေကြာဆီများ ကြိတ်ခွဲထုတ်လုပ်မှု၊ ကုန်ကြမ်းရရှိမှု၊ ဈေးကွက်ရရှိမှုအခြေအနေများ၊ ယခင်နှစ်များထက် နေကြာဆီပိုမိုကြိတ်ခွဲရရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်၌ စာရင်းစစ်၊ စာရင်းကောက် အဖွဲ့များ၊ အထောက်အကူပြု အဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသားဘာသာရပ်သင် ဆရာ ဆရာမများက Tablet များဖြင့် တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

**တွေ့ဆုံပွဲသို့တက်ရောက်**

ဆက်လက်၍ မြန်အောင်မြို့ အောင်ဇေယျ အားကစားခန်းမတွင်ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က သန်းခေါင်စာရင်း ကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် မူဝါဒများချမှတ်နိုင်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းဖြစ်၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ကော့သောင်း အောက်တိုဘာ ၂**

ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု (၈)မိုင်ကျေးရွာတွင် အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်သည်။

ဦးစွာ ကော့သောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်သည်။ သင်တန်းကို နှစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

၂၂

# FPTP စနစ်ချည်းသာလော ... PR စနစ်ကိုလည်းပါစေချင်ပါသည်

**နိုင်ငံရေးသမားဟောင်းတစ်ဦး**

ဘဝသက်တမ်းတစ်ဝက်လောက်ကို နိုင်ငံရေးနယ်ပယ်ထဲတွင် ကျင်လည်နေခဲ့သော ကျွန်တော်သည် မီးစာကုန်ဆီခန်းသည့်အချိန် မရောက်သေးသရွေ့ နိုင်ငံ့အရေးအတွက် နိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေဦးမည်သာ....။ နိုင်ငံ့အရေးအတွက် နိုင်ငံရေးလုပ်ဖို့ဆိုလျှင်လည်း မသေချာမရေရာသော မဲဆွယ်စကားများ၊ မဟုတ်မမှန်လုပ်ကြံရေးသားသော နိုင်ငံရေးဇာတ်လမ်းများကြား တံလျှပ်ရေထင် ရွှေသမင်အလိုက်မမှားစေဖို့အတွက် သမိုင်းကျေကြဖို့တော့ လိုပါသည်။ ဖြစ်ချင်သောဆန္ဒများထက် အဖြစ်သင့်ဆုံးအရာများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံရေးရေချိန်ပြည့်ဝနေဖို့လည်း လိုအပ်လှပေသည်။ လက်ရှိတွင် နိုင်ငံတော်ကိုအုပ်ချုပ်နေသော တည်ဆဲအစိုးရက လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတစ်ရပ် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေကြောင်း ကြားသိရပြီးနောက် ထိုရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကျွန်တော့်အမြင်ကို စာဖတ်သူတို့ သိရှိနိုင်ရန် ရေးသားလိုက်ရပေသည်။

**လွတ်လပ်ရေးရပြီးချိန်ကစလို့ မြန်မာနိုင်ငံ၏ ပါတီနိုင်ငံရေးသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သည့်အချိန်တွင် ဖဆပလပါတီကသာအနိုင်ရခဲ့သည်။ အခြားသော ပါတီများက အိမ်ဖြည့်အဖြစ်မျှသာ ပါဝင်နိုင်သည်။ အတိုက်အခံအဆင့်အထိ ရပ်တည်နိုင်ခြင်းမျိုး မရှိခဲ့ပါ။ ဖဆပလတစ်ပါတီထဲမှာပင် အာဏာကို ဆက်တိုက်ရလာသည့်အခါ ပါတီတွင်း အကွဲအပြဲမှာ ထိန်းသိမ်းမရအောင်ပေါ်လာခဲ့သည်။ ဦးဗိုလ်သခင်ဆိုသော စကားရပ်သည် ထိုစဉ်က ပေါ်လာသည့် စကားဖြစ်သည်။ ၁၉၅၈ ခုနှစ် ဖဆပလပါတီဝန်ကြီးချုပ်ဦးနုကိုယ်တိုင်က သူတို့ အစိုးရအဖွဲ့(ပါတီ)အကွဲအပြဲဆိုးရွားလာသည့်အတွက် ထိုစဉ်ကတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို အိမ်စောင့်အစိုးရအဖြစ် လွှဲပြောင်းပေးခဲ့သည်။**

ထိုတုန်းကအိမ်စောင့်အစိုးရဆိုတာ တပ်ကလူတွေချည်းမဟုတ်ခဲ့ပါ။ အရပ်သားပညာရှင်တွေ အများကြီးပါပါသည်။ ၁၉၆၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည့်အခါ ဖဆပလမှ သန့်ရှင်းနှင့်တည်မြဲကွဲသွားကာ သန့်ရှင်းဖဆပလက အနိုင်ရ၍ အစိုးရဖွဲ့နိုင်ခဲ့သည်။ ပြည်ထောင်စုပါတီဟု အမည်ပြောင်းသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်နယ်များ သီးခြားခွဲထွက်ခွင့်ဖက်ဒရယ်မူကို တောင်းဆိုလာကြသည်။ ဤပြဿနာမှာ တိကျသောအဖြေပေါ်ထွက်မလာဘဲ ငြင်းခုံခြင်းဖြင့် အချိန်များကုန်လွန်ခဲ့သည်။ ကြာလာလျှင်တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေပေါ်လာသဖြင့် တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ထိန်းသိမ်းလိုက်ရသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပေါ်လာကာ အစိုးရတစ်ရပ်ပေါ်လာခဲ့သည်။ နိုင်ငံရေးသမားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိစေရန်အတွက် ပါတီပေါင်းစုံမှ ခေါင်းဆောင်များကို တစ်ပါတီစနစ်တွင် ပါဝင်စေခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသည်မှာ ပါတီပေါင်းစုံပါဝင်ဖွဲ့စည်းကာ ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံကို တည်ဆောက်ခဲ့သည်။

မြန်မာ့နိုင်ငံရေးတွင် တစ်ပါတီစနစ်ကိုလေ့လာသည့်အခါ နိုင်ငံတိုးတက်စေရေး စီးပွားရေးမူဝါဒပြောင်းသင့်သည့်အချိန်တွင် မပြောင်းခဲ့သည့်အတွက် နိုင်ငံစီးပွားရေးများစွာ ကျဆင်းခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ရပ် ပေါ်ပေါက်လာကာ အုပ်ချုပ်မှုယန္တရားများ ရပ်ဆိုင်းသွားခဲ့သည်။ ဤနေရာတွင်စာရေးသူအနေဖြင့် ယနေ့လူငယ်များ မသိသေးသည့်အချက်အချို့ကို ဖော်ပြချင်ပါသည်။ ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က စစ်အုပ်ချုပ်ရေးရုပ်သိမ်းကာ ဒီမိုကရေစီပေးခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ဖွဲ့သည်။ ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်စေသည်။ သို့သော် ပြည်ပက သွေးထိုးနှောင့်ယှက် မြှောက်ပင့်ပေးမှုကြောင့် ဒီမိုကရေစီမဟုတ်တော့ဘဲ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ လူသတ်ခေါင်းဖြတ်သည့်အပြင် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရားပျက်သွားသည့်အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရသည်။

ဒီနေရာမှာ ကျွန်တော်သည် မျှတသောအမြင်ဖြင့် ရေးသားလိုပါသည်။ နဝတ/နယက လက်ထက်တွင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေ အများကြီးလုပ်ခဲ့သည်။ သူတို့ဆောက်ပေးထားသည့် လမ်းတံတားတွေ၊ အဆောက်အအုံတွေ၊ နောက်ဆုံးတက္ကသိုလ်တွေ အများကြီး ပြစရာကျန်ခဲ့သည်။ ပြည်သူများတောင့်တနေသည့် ဒီမိုကရေစီစနစ်ကို စနစ်တကျ အကောင်အထည်ဖော်ပေးကာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တည်ငြိမ်အေးချမ်းစွာ တည်ဆောက်ပေးခဲ့သည်။ တက္ကသိုလ်က ဘွဲ့ရခဲ့သော ကျောင်းသူ ကျောင်းသားတို့သည် မိမိတို့တက်ခဲ့သော တက္ကသိုလ်ကို မည်သည့်အစိုးရက တည်ဆောက်ပေးခဲ့သည်ကို သိသူနည်းပါးလှသည်။ စစ်အာဏာရှင်ဟူသော စကားလုံးအောက်တွင် သူတို့၏အသိအမြင်များကို နိုင်ငံရေးသမား အမည်ခံ အစွန်းရောက်ဝါဒစွဲကိုင်သူ အချို့က အရောင်ဆိုးပေးခဲ့သည်။

> **လက်ရှိတည်ဆဲအစိုးရ၏ ပန်းတိုင်မှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ပင်ဖြစ်ပါသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံးပြောရလျှင် မဲခိုး၊ မဲလိမ်မှုမရှိသော၊ ပွင့်လင်းမြင်သာသော ၊ တရားမျှတသော၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်အတွင်း မကျေနပ်မှုတစ်စုံတစ်ရာရှိပါက မှတ်ကျောက်တင် စစ်ဆေးမှုကို ခံနိုင်သော ရွေးကောက်ပွဲမျိုးကို ကျင်းပပေးလိုခြင်းဖြစ်**

နယက အစိုးရက တစ်နိုင်ငံလုံးမှာရှိသော အသိပညာရှင်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ရေးဆွဲပေးခဲ့ပြီး ထိုဥပဒေအရ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲဟူ၍ ရွေးကောက်ပွဲသုံးကြိမ်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် အာဏာကို အလွဲသုံးစားပြုကာ မဲမသမာမှု ကြီးကြီးမားမားဖြစ်ခဲ့သည်။ ဘယ်လိုနည်းနဲ့နိုင်နိုင် နိုင်အောင်လုပ်ရမည်ဆိုသည့် ပါတီခေါင်းဆောင်၏ စကားကြောင့် မဲမသမာမှုမှာ ဖြေရှင်းမရနိုင်လောက်အောင် ဖြစ်ခဲ့သည်။ ထိုအချိန်ကသာ မဲမသမာမှု ဖြစ်စဉ်ကို သက်ဆိုင်သူအားလုံးက ပူးပေါင်းဖြေရှင်းမည်ဆိုပါက မြန်မာနိုင်ငံ၏အနာဂတ်မှာ သာယာနေမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဟူသော ဒီမိုကရေစီနည်းလမ်းကို သုံးသင့်ပါလျက် မသုံးဘဲနေခဲ့သည်။ ဤဖြစ်ရပ်မှန်ကို အနောက်နိုင်ငံနှင့် အပေါင်းပါတို့က ရေငုံနှုတ်ပိတ်နေခဲ့သည်။ ဒါကလည်း အကြောင်းရှိသည်။ မဲမသမာမှုဖြစ်နေမှန်းသိသော်လည်း နှုတ်ပိတ်မနေလျှင် သူတို့အလိုကျ ကြိုးဆွဲရာကမည့်ရုပ်သေးအစိုးရကို လက်လွှတ်လိုက်ရမည်ဖြစ်ကြောင်းသိနေသဖြင့် သူတို့အာဏာစက် အတိအကျသက်ရောက်မည့် အစိုးရမျိုးကို ဒီမိုကရေစီအကြောင်းပြကာ အစိုးရတင်မြှောက်လိုခြင်းကြောင့်ဖြစ်သည်။

တပ်မတော်က ဒီမိုကရေစီစနစ်ကို ခိုင်မာစွာ တည်ဆောက်ပေးခဲ့သည့်အတွက် ဒီလိုမျိုး ဒီမိုကရေစီစနစ် ပျက်ယွင်းသွားမည်ကို လိုလားမည် မဟုတ်ကြောင်း ကျွန်တော်ပြေးကြည့်စရာမလိုတွေးကြည့်ရုံနှင့်တင် သိပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တပ်မတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးထားသည်။ ထို့ကြောင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ထိုနေ့က မှတ်မှတ်ရရ မဲမသမာမှုအငြင်းပွားနေသည့် လွှတ်တော်ခေါ်ယူမည့်နေ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဦးဆောင်ပြီး အစိုးရတစ်ရပ်ဖွဲ့စည်းပါသည်။ သေချာလေ့လာကြည့်လျှင် ထိုအစိုးရတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တပ်တို့ အချိုးအစားတူညီစွာ ဖွဲ့ထားခြင်းဖြစ်သည်။ အဓိကအချက်ပြောရရင် တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမည်။ အနိုင်ရပါတီ အဖွဲ့အစည်းကို အာဏာလွှဲအပ်မည်။ မဲမသမာမှု အမှန်တကယ်ရှိကြောင်းကိုလည်း မြေပြင်ကွင်းဆင်းပြီး တိတိကျကျဖော်ထုတ်မည်။ တကယ်လည်း ဖော်ထုတ်ပေးခဲ့သည်။ မဲ ၁၁ သန်းကျော် မသမာမှုပြုခဲ့သည်။ နစကအစိုးရသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ခံကိုယ်စားလှယ်များကိုပင် လွတ်လွတ်လပ်လပ်သွားလာခွင့်ပြုထားခဲ့သည်။ ထိုသို့လွတ်လပ်ခွင့်ပေးလိုက်ခြင်းကပင် ရွေးကောက်ခံကိုယ်စားလှယ်အချို့ ပြည်ပထွက်ပြေးခွင့်ရကာ ယခုပေါ်ပေါက်နေသည့် CRPH , NUG စသဖြင့် စင်ပြိုင်အစိုးရတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်လက်တွေ့ကျကျပြောရလျှင် နစကအစိုးရသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ ထိုသူများသာ နိုင်ငံချစ်စိတ်၊ သဘောထားရိုးဖြောင့်သည့်စိတ်ရှိပါက ပါတီကို ဆက်လက်တည်ထောင်ကာ ရွေးကောက်ပွဲဝင်ကြရန်ဖြစ်သည်။ သို့သော်သူတို့သည် မသိနားမလည်သောလူငယ်များကို မမှန်မကန်ဝါဒဖြန့်ကာ စစ်အာဏာရှင်တိုက်ဖျက်ရေးဟူသောစကားလုံးဖြင့် လမ်းမှားသို့ပို့ကာ လူသတ်၊ မိုင်းထောင်၊ အကြမ်းဖက်လုပ်ရပ်များလုပ်စေခဲ့သည်။ နိုင်ငံကိုပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည်။ အမှန်တကယ်တော့ စစ်အာဏာရှင်ဟုသူတို့စွပ်စွဲနေသော နစကအစိုးရသည် အာဏာရှင်မဆန်စွာ အလွန့်အလွန်သဘောထား ပျော့ပျောင်းသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း သူတို့လုပ်ရပ်ကြည့်ကာ ကျွန်တော်မှတ်ချက်ပြုချင်သည်။ CRPH၊ NUG နှင့် PDF ဟူသော အကြမ်းဖက်အဖွဲ့များသာ မပေါ်ပေါက်လာပါက ယခုအချိန်တွင် မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းတွင် ပြန်လည်လျှောက်လှမ်းနေနိုင်ပြီဖြစ်သည်။ ဒီမိုကရေစီတွင် ဥပဒေပြု ရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး ၃ ရပ်ရှိသည်ကို အားလုံးသိကြမည်ထင်ပါသည်။ ထိုထဲကမှ ဥပဒေပြုရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းမှာ လွှတ်တော်ဖြစ်ပါသည်။ လိုရင်းပြောရလျှင် ရွေးကောက်ခံကိုယ်စားလှယ်များသည် ဥပဒေပြုရမည့်သူများဖြစ်ပါလျက် ဥပဒေကို မျက်ကွယ်ပြုကာ အကြမ်းဖက်လမ်းစဉ်ကိုရွေးခဲ့ကြသည်။ မိုက်မဲလိုက်ကြသည့်ဖြစ်ခြင်း...။

လက်ရှိတည်ဆဲအစိုးရ၏ ပန်းတိုင်မှာ **လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ပင်ဖြစ်ပါသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံးပြောရလျှင် မဲခိုး၊ မဲလိမ်မှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ တရားမျှတသော၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်အတွင်း မကျေနပ်မှု တစ်စုံတစ်ရာရှိပါက မှတ်ကျောက်တင်စစ်ဆေးမှုကိုခံနိုင်သော ရွေးကောက်ပွဲမျိုးကို ကျင်းပပေးလိုခြင်းဖြစ်သည်။ အချို့သောနိုင်ငံရေး မှတ်ချက်တချို့က တပ်မတော်မှဖြစ်ပေါ်လာသော ယခုအစိုးရသည် ရွေးကောက်ပွဲဖြစ်မြောက်ရန် အားထည့်ဆောင်ရွက်နေခြင်းမှာ ထိုရွေးကောက်ပွဲကသာလျှင် တပ်မတော်အတွက် ထွက်ပေါက်ဖြစ်သောကြောင့်ဟူ၍ ကြားသိနေရသည်။ ထိုမှတ်ချက်နှင့်ပတ်သက်၍ ကျွန်တော့်အမြင်ကိုပြောပါဟုဆိုလာပါက အဖြေသည် ခပ်ရှင်းရှင်းသာရှိလေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဆိုသည်မှာ ဒုတိယ ဒီမိုကရေစီအစိုးရအနေဖြင့် မဲလိမ်မဲခိုးမှုများ၊ မဲမသမာမှု ပြဿနာများကို ပြည်သူလူထုအား ဖြေရှင်းရန် ပျက်ကွက်ခဲ့မှုကြောင့် ထိုပြဿနာများကို ဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည့်အတွက် ထိုပြဿနာများကို ပြေလည်အောင်ဖြေရှင်းပြီး **လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ဖို့ကို** ရည်မှန်းချက် ၂ ရပ်၊ ရှေ့လုပ်ငန်းစဉ်များ ၅ ရပ်နှင့် ဦးတည်ချက်များ ၉ ရပ်တို့ချမှတ်ကာ လက်ရှိတည်ဆဲအစိုးရက ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်ပါသည်။

**နစကအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် လုပ်ဆောင်လျက်ရှိရာ မိမိဖြတ်သန်းလာသော သမိုင်းအတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အဖြစ်သင့်ဆုံးသော ရွေးကောက်ပွဲစနစ်များကိုလည်း အကြံပြုလိုပါသည်။ ယခင်ရွေးကောက်ပွဲ ၃ ခုတွင် အသုံးပြုခဲ့သော အနိုင်ရသူအကုန်ယူစနစ် (First past the post) နှင့်အတူ အချိုးကျကိုယ်စားပြုခြင်းစနစ် (Proportional Representation) ကိုပါ ပူးတွဲကျင့်သုံးမှသာ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပို၍သင့်တော်မည်ဖြစ်ပါသည်။**

**အနိုင်ရသူအကုန်ယူစနစ် (First past the post)**

မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ယှဉ်ပြိုင်သူများအနက် မဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်သောစနစ်ဖြစ်ပါသည်။ မဲဆန္ဒနယ်တစ်နယ်တွင် တစ်ယောက်သာ ရွေးကောက်တင်မြှောက်သည့်ပုံသဏ္ဌာန်မှာ ယှဉ်ပြိုင်သူများအနက်မှ **အနိုင်ရသူအကုန်ယူစနစ် (First past the post)** ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ရာ ယင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းသည် ဆန္ဒမဲပေးသူများအတွက် အချိုးကျနှင့်သင့်တင့်လျောက်ပတ်သည့် ကိုယ်စားပြုခြင်း မရရှိနိုင်ပါ။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများနားလည်လွယ်အောင် တင်ပြလိုပါသည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

လူအယောက် ၁၀၀၀ ခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် A၊B၊C ဟူ၍ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်သူ သုံးဦးရှိသည်ဆိုကြပါစို့။ A သည် မဲ ၄၀၀၊ B သည် မဲ ၂၅၀၊ C သည် မဲ ၃၅၀ ရလျှင် A သည် မဲအများဆုံးရသဖြင့် ထိုမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ခံရလေသည်။ ထိုဖြစ်စဉ်ကိုသုံးသပ်လျှင် လူ ၁၀၀၀ တွင် A ကို ကြိုက်သူ ၄၀၀၊ မကြိုက်သူ ၆၀၀ ခန့်ရှိသော်လည်း A သည် ထိုမဲဆန္ဒနယ်ရှိ လူ ၁၀၀၀ လုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်ဖြစ်သွားခြင်းပင်ဖြစ်သည်။

**FPTP စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

FPTP စနစ်၏ အားသာချက်များကို အကြမ်းဖျင်းဖော်ပြရလျှင် တိကျပြတ်သားသည့် ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ပါတီစုံညွန့်ပေါင်းအုပ်ချုပ်ရာမှ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ရှောင်လွှဲနိုင်ခြင်း၊ လွှတ်တော်တွင်း အတိုက်အခံအင်အားစုကိုလည်း ပေါ်ပေါက်စေသဖြင့် တစ်ပါတီအစိုးရ၏ ဆန့်ကျင်ဘက်တွင် အတိုက်အခံအင်အားစုဖြင့် အပြန်အလှန်ထိန်းကျောင်းပေးနိုင်သည့် လုံလောက်သော လွှတ်တော်ကိုယ်စားလှယ် နေရာများကို ပေးထားနိုင်ခြင်း၊ မိမိတို့၏ ပါတီအမည်ထက် သတ်မှတ်ထားသည့် မြို့ သို့မဟုတ် ဒေသမဲဆန္ဒနယ်များကို ကိုယ်စားပြုကြရခြင်း၊ မဲဆန္ဒရှင်များအတွက် ပါတီကိုရွေးချယ်မှုပြုခြင်းထက် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

FPTP စနစ်၏ အားနည်းချက်များမှာ အကြမ်းဖျင်းအားဖြင့် လူနည်းစုပါတီများကို ဘေးဖယ်ထားခြင်း၊ လူနည်းစုများကို ဖယ်ထုတ်ထားခြင်း၊ အမျိုးသမီးများကို ချန်လှပ်ထားခြင်း၊ မဲအလေအလွင့်ဖြစ်မှုများပြားခြင်း၊ မကြာခဏကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်လိုခြင်း၊ ဆန္ဒမဲနယ်နိမိတ်ကန့်သတ်ရန်လိုအပ်ခြင်း၊ နိုင်ငံရေး အကျိုးအမြတ်အတွက် ရည်ရွယ်သည့် လက်ဝါးကြီးအုပ်မှုဖြစ်ပေါ်စေနိုင်ခြင်းနှင့် အဝေးရောက်မဲပေးစနစ်ကို စီစဉ်ရခက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

**အချိုးကျကိုယ်စားပြုခြင်းစနစ်**

**(Proportional Representation)**

မဲဆန္ဒနယ်တစ်ခုကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအလိုက်ရရှိမည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေသတ်မှတ်ပေးသည့်စနစ်ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများ နားလည်လွယ်အောင် တင်ပြလိုပါသည်။ လူဦးရေ ၁၆ သိန်းခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယ် ရှစ်ဦး သတ်မှတ်ထားသည်ဆိုပါစို့။ အကြမ်းဖျင်းအရ ကိုယ်စားလှယ်တစ်ဦးလျှင် လူ နှစ်သိန်းခန့် အချိုးကျကိုယ်စားပြုသည့်သဘောပင်ဖြစ်ပါသည်။ ထိုမဲဆန္ဒနယ်တွင် ပါတီ လေးခုက ဝင်ရောက်ယှဉ်ပြိုင်လျှင် မဲဆန္ဒပေါင်း ရှစ်သိန်းရရှိသည့် ပါတီက ကိုယ်စားလှယ်လေးနေရာ၊ မဲဆန္ဒ လေးသိန်း ရရှိသော ပါတီက နှစ်နေရာ၊ မဲဆန္ဒပေါင်း နှစ်သိန်းစီရရှိသော ပါတီနှစ်ခုက ကိုယ်စားလှယ်နေရာ တစ်နေရာစီဟူ၍ စုစုပေါင်း ရှစ်နေရာ ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။

**PR စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

PR စနစ်၏အားသာချက်များကို ဖော်ပြရလျှင် အချိုးညီမျှမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်ဖြစ်မှု နည်းပါးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရရန် ပိုမိုလွယ်ကူခြင်း၊ မဲဆန္ဒနယ်နိမိတ်များ ရေးဆွဲသတ်မှတ်ရန်မလိုခြင်း(သို့မဟုတ်) နည်းပါးခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်မလိုခြင်း၊ အဝေးရောက်မဲစနစ်ဖြင့် ဆန္ဒမဲပေးရန် ပိုမိုလွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့် ဒေသများဖြစ်ပေါ်မှုကို ကန့်သတ်ထားခြင်းနှင့် လာရောက်မဲပေးသူများ အရေအတွက် များပြားနိုင်ဖွယ်ရှိခြင်းတို့ပင်ဖြစ်ပါသည်။

PR စနစ်၏အားနည်းချက်များကို ဖော်ပြရလျှင် ညွန့်ပေါင်းအစိုးရများ ဖြစ်ပေါ်စေပြီး အစိတ်စိတ်အမြွှာမြွှာကွဲပြားနေသော ပါတီစုံစနစ်ကို ဖြစ်ပေါ်စေခြင်းဟူသော ဝေဖန်မှုများရှိခြင်းနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့များကို ဖြစ်ပေါ်စေသဖြင့် အကျိုးဆက်အဖြစ် ဥပဒေပြုရေးကိစ္စတွင် လျော့ကန်သော မူဝါဒများချမှတ်ရန် အကျပ်အတည်း ဖြစ်စေတတ်ခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။

**FPTP စနစ် နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး**

တိုင်းရင်းသား လူမျိုးစုများတွင် လူဦးရေများသော အုပ်စုများလည်းရှိသကဲ့သို့ လူဦးရေနည်းသော အုပ်စုများလည်းရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများသောနေရာဒေသများတွင် FPTP စနစ်ဖြင့်သာ ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင် တိုင်းရင်းသားမျိုးနွယ်လူနည်းစု အတော်များများသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ရောက်လာနိုင်ရန် ရာခိုင်နှုန်းအလွန်နည်းပါးသည်။ ကျွန်တော် ကျင်လည်ခဲ့သော နိုင်ငံရေးသမားဘဝအတွေ့အကြုံများအရ ပြောရမည်ဆိုလျှင် ဥပမာအနေဖြင့် ကချင်ပြည်နယ်တွင် ဂျိမ်းဖောလူမျိုးကများပြီး လီဆူးလူမျိုးနှင့် ရဝမ်လူမျိုးတို့မှာ လူဦးရေနည်းပါးသည်။ ထို့အတူပင် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးနှင့် ပအိုဝ်းလူမျိုးမှာ လူဦးရေ များပြားသော်လည်း ခနုလူမျိုးနှင့် အာခါလူမျိုးမှာ လူဦးရေနည်းပါးပါသည်။

ယခင်၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲက ဥပမာတစ်ခု၊ နှစ်ခုကိုချပြရမည်ဆိုလျှင် ပထမဥပမာအနေဖြင့် ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ NLD ပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၆၃၀ သာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပါ။

ဒုတိယဥပမာအနေဖြင့် ရှမ်းပြည်နယ် နမ့်စန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၁၈၂၃ မဲသာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်း မရှိခဲ့ပါ။

**❝UEC အနေဖြင့်လည်း ယခုကဲ့သို့ ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ယှဉ်တွဲအသုံးပြုရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ၊ နယ်မြေသတ်မှတ်ချင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ မဲရေတွက်ခြင်းဆိုင်ရာများတွင် များစွာသောအခက်အခဲများ ကြုံတွေ့နိုင်လေသည်။ သို့သော် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော်တို့ အခွင့်အရေးများရရှိရေးအတွက် ရည်မျှော်၍ FPTP စနစ်နှင့်အတူ PR စနစ်ကိုပါ ယှဉ်တွဲကျင့်သုံးပေးနိုင်ပါရန် ဤဆောင်းပါးမှတစ်ဆင့် တိုက်တွန်းပါသည်။**

**တပ်မတော်က အပြစ်အနာအဆာ တစ်စက်မှမရှိဘဲ မွေးဖွားသန့်စင်ပေးလိုက်သော ဒီမိုကရေစီခရီးသည် ၁၀ နှစ်သား အရွယ်တွင် နိုင်ငံ့အာဏာ ဆက်လက်ရယူရေးအတွက် မဲမသမာမှုကိုပြုလုပ်သော အစိုးရကြောင့် ဆက်လက်ကြီးထွားဖွံ့ဖြိုးတိုးတက်မှု မရှိတော့ဘဲ ရပ်တန့်ခဲ့လေသည်။ ထို ၁၀ နှစ်သားကို အမည်းစက်ကင်းစင်စွာ ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်စေရေး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပေါ်ပေါက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရကို အကူအညီပေးရင်း ဆောင်ရွက်ပေးသွားမည်ဖြစ်❞**

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ တိုင်းရင်းသားမျိုးနွယ် ၁၀၀ ကျော် မှီတင်းနေထိုင်နေကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၎င်းတိုင်းရင်းသား အများစုသည်လည်း ပြည်နယ်များတွင် နေထိုင်ကြသည်ကသာ များလေသည်။ အထက်ပါ ဥပမာနှစ်ခုမှာ FPTP စနစ်ကြောင့် တိုင်းရင်းသားနယ်မြေများတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများ ကိုယ်စားလှယ်အဖြစ်ပါဝင်ခွင့်မရခဲ့သည့် အခြေအနေများထဲမှ အချို့ကိုသိသာနိုင်စေရန် တင်ပြခြင်းဖြစ်ပါသည်။ တိုင်းရင်းသားနယ်မြေတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်သင့်သည် မဟုတ်ပါလား။

အထက်ပါဖော်ပြခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များမှ အားသာချက် အားနည်းချက်များကို ဖော်ထုတ်ကာ တိုင်းရင်းသားမျိုးနွယ်စုများပြားသော ပြည်နယ်များတွင် လူဦးရေနည်းပါးသော တိုင်းရင်းသားမျိုးနွယ်စုများ အခွင့်အရေးမဆုံးရှုံးစေရန်အတွက် **ပြည်နယ်များတွင် PR စနစ်ကို ကျင့်သုံးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။** သို့မှသာ လူဦးရေနည်းသော တိုင်းရင်းသားလူနည်းစုများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များ အစရှိသည့် နိုင်ငံရေးစင်မြင့်ထက်တွင် ပါဝင်လာနိုင်ခြင်းဖြင့် လက်နက်ကိုင်လမ်းစဉ်ကို မလိုက်ဘဲ နိုင်ငံရေးနည်းဖြင့် ၎င်းတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆွေးနွေးမှုများ၊ တရားသဖြင့် တောင်းဆိုမှုများကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပြည်နယ်များတွင် တိုင်းရင်းသားမျိုးနွယ်စုများစွာ အခြေချနေထိုင်ကြပါသည်။ သို့သော် ပြည်မတွင်မူ တိုင်းရင်းသားလူမျိုးများစွာနေထိုင်သည်ကို မတွေ့ရဘဲ လူမျိုးတူများက ပါတီများစွာဖွဲ့စည်းထားကြသည်။ ထိုပါတီများထဲမှ စုစုစည်းစည်းကျစ်ကျစ်လျစ်လျစ်ဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ အရေအတွက်ထက် အရည်အချင်းကိုဦးစားပေးရန်၊ တစ်နည်းအားဖြင့် ပါတီအမည်ခံသော်လည်း ပါတီဝင်အင်အားဖြစ်ဖြစ်မြောက်မြောက်မရှိသော ပါတီများစွာ အစိုးရအဖွဲ့ထဲသို့ ရောက်ရှိလာမည့်အစား ပါတီဝင်အင်အားတောင့်တင်းခိုင်မာပြီး နိုင်ငံ့အကျိုးကို ထိထိရောက်ရောက်သယ်ပိုးဆောင်ရွက်နိုင်မည့် အရည်အချင်းနှင့် အတွေ့အကြုံများသည့် ပါတီမျိုးပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း **ပြည်မတွင်မူ FPTP စနစ်ကို ကျင့်သုံးခြင်းက ပို၍သင့်တော်ကြောင်း** တွေ့ရှိရပါသည်။

ရွေးကောက်ပွဲကို အောင်မြင်ရေးဆောင်ရွက်နေတဲ့ နစကအစိုးရဟာ ပြီးခဲ့တဲ့ရက်ပိုင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ ကမ်းလှမ်းဖိတ်ခေါ်မှု ထုတ်ပြန်ချက်တစ်ခု ထုတ်ခဲ့ပါသေးတယ်။ ဒါကတော့ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းနေတဲ့ EAO တွေ၊ အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ PDF တွေကိုပါ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်း ဒါမှမဟုတ် ရွေးကောက်ပွဲလမ်းကြောင်း စတဲ့နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ သြော်… အလွန်စိတ်ရှည်သည်းခံနိုင်သော အစိုးရပါလားလို့တောင် စိတ်ထဲတွေးမိလိုက်သေးသည်။

UEC အနေဖြင့်လည်း ယခုကဲ့သို့ ရွေးကောက်ပွဲစနစ် နှစ်မျိုးကို ယှဉ်တွဲအသုံးပြုရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ၊ နယ်မြေသတ်မှတ်ခြင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ မဲရေတွက်ခြင်းဆိုင်ရာများတွင် များစွာသောအခက်အခဲများ ကြုံတွေ့နိုင်လေသည်။ သို့သော် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့ အခွင့်အရေးများရရှိရေးအတွက် ရည်မျှော်၍ FPTP စနစ်နှင့်အတူ PR စနစ်ကိုပါ ယှဉ်တွဲကျင့်သုံးပေးနိုင်ပါရန် ဤဆောင်းပါးမှတစ်ဆင့် တိုက်တွန်းပါသည်။

ဒီစနစ် နှစ်ခုကို ယှဉ်တွဲအသုံးပြုခြင်းဖြင့် မြန်မာ့ဒီမိုကရေစီလမ်းကြောင်းတွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း စာရေးသူအနေဖြင့် သုံးသပ်ရပါသည်။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများအနေဖြင့် UEC ၏ထုတ်ပြန်ချက်များအရ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၅၂ ပါတီဖြစ်ပါသည်။ ယင်းပါတီများအနက်မှ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် မြိုတိုင်းရင်းသားပါတီတို့အား မှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သဖြင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၀ ပါတီဖြစ်ပါသည်။

**FPTP စနစ်နှင့်အတူ PR စနစ် ကိုပါ ယှဉ်တွဲကျင့်သုံးကြပါစို့**

တပ်မတော်က အပြစ်အနာအဆာတစ်စက်မှမရှိဘဲ မွေးဖွားသန့်စင်ပေးလိုက်သော ဒီမိုကရေစီခရီးသည် ၁၀ နှစ်သားအရွယ်တွင် နိုင်ငံ့အာဏာ ဆက်လက်ရယူရေးအတွက် မဲမသမာမှုကို ပြုလုပ်သောအစိုးရကြောင့် ဆက်လက်ကြီးထွားဖွံ့ဖြိုးတိုးတက်မှုမရှိတော့ဘဲ ရပ်တန့်ခဲ့လေသည်။ ထို ၁၀ နှစ်သားကို အမည်းစက်ကင်းစင်စွာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပေါ်ပေါက်ခဲ့သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အကူအညီပေးရင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ဖြင့် အမိမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းတိုးတက်ချမ်းသာပြီး နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ရောက်ရှိနိုင်ရေးလက်တစ်ကမ်းသာလိုပါတော့သည်။ ထိုသို့သော လက်တစ်ကမ်းအလိုက ပန်းတိုင်သို့ ရောက်ရှိရန် **လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်သင့်တော်သော FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်မည်ဆိုလျှင်ဖြင့် အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကားပမာကဲ့သို့ လိုက်ဖက်တင့်တယ်လှမည် ဖြစ်ပါကြောင်း** အကြံပြုတိုက်တွန်း ရေးသားလိုက်ရပါသည်ခင်ဗျား။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြင်ဦးလွင်မြို့ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

## MSME ဖွံ့ဖြိုးတိုးတက်ရေး၊ အရင်းအနှီး၊ နည်းပညာလွှဲပြောင်းရရှိရေးနှင့် ဈေးကွက်ရရှိရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဝိုင်၊ ယိုစုံနှင့် မလိုင်ထုတ်လုပ်သည့် MSME လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းတွင် သုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အဆင့် တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ MSME လုပ်ငန်းရှင်များကို ချေးငွေများထုတ်ချေးပေးလျက်ရှိပြီး ချေးငွေပမာဏအနေဖြင့် အသေးစားလုပ်ငန်းကို ငွေကျပ် ၁၀ သန်း၊ အငယ်စားလုပ်ငန်းကို ငွေကျပ်သန်း ၅၀ နှင့် အလတ်စားလုပ်ငန်းကို ငွေကျပ်သန်း ၁၀၀ အထိ ထုတ်ချေးပေးလျက်ရှိကြောင်း၊ MSME လုပ်ငန်းများအတွက် နည်းပညာရရှိရေး အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာလွှဲပြောင်းပေးမှုများ၊ ကုန်ကြမ်းပစ္စည်းများရရှိရေး၊ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ဈေးကွက်ရရှိရေးအတွက် E-Market Platform တည်ထောင်ပေးခြင်း၊ ထုတ်ကုန်ပစ္စည်းပြခန်းကို ရန်ကုန်တိုင်းဒေသကြီး SME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် ဖွင့်လှစ်ပြီး ဒေသအသီးသီးမှ MSME ထုတ်ကုန်များကိုလည်း ရောင်းချပေးလျက်ရှိကြောင်း။

MSME ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပြီးပါက အသေးစားစီးပွားရေးလုပ်ငန်းများနှင့် အစပျိုးစီးပွားရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပါက ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**အားပေးကြည့်ရှု**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို လှည့်လည်အားပေးကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရတနာပုံစက်မှုဇုန်အတွင်းရှိ Burst Transmission Co., Ltd. ၏ မှန်ဘီလူးများ၊ မှန်ဘီလူးကိုယ်ထည်များ၊ အဏုကြည့်မှန်ပြောင်းများ၊ လုံခြုံရေးကင်မရာခေါင်းလောင်းများ၊ ကင်မရာတွင်ပါဝင်သည့် ပလတ်စတစ်အစိတ်အပိုင်းများ၊ ပရင်တာအစိတ်အပိုင်းများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ဆားကစ်ပြားများ ဒီဇိုင်းရေးဆွဲထုတ်လုပ်နေမှု၊ ကိုဒက်ကင်မရာအမျိုးအစားများ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာလွှဲပြောင်းရရှိရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့် တိုးမြှင့်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးရန်၊ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)

## အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။






သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီက နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်သည် တစ်နိုင်ငံလုံးတွင် ရှိသည့် ဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ အဆင့်အလိုက် စည်းစနစ်ကျနစွာ ဆောင်ရွက်နိုင်ရန် သိသင့်သိထိုက်သော ပညာရပ်များကို လေ့ကျင့်သင်ကြားပေးသည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ သင်တန်းသားသင်တန်းသူများ အနေဖြင့် ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ ပေးအပ်သည့်တာဝန်များကို စေတနာထား၍ ထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း မိမိတို့လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စွမ်းဆောင်ကြရန် ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်း၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်၉ နာရီတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းကို မေ ၁၃ ရက်မှ အောက်တိုဘာ ၂ ရက်ထိ သင်တန်းသား ၄၁ ဦး၊ သင်တန်း သူ ၄၂ ဦး စုစုပေါင်း ၈၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တနင်္သာရီမြို့နယ်၌

## အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့်

**တနင်္သာရီ အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာ (အမျိုးသမီး အဆင့်မြင့်အပ်ချုပ်စက်) နှစ်လသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်နိုင်ဝင်းက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး(ကိုယ်စား) ဦးဘိုနိုင်(အငယ်တန်းအင်ဂျင်နီယာ-၂) က အဆင့်မြင့်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက အဆင့်မြင့်အပ်ချုပ်စက်သင်တန်းအတွက် ပြင်ဆင်ထားသည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းသို့ တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာမှ ဒေသခံအမျိုးသမီး သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်နိုင်ဝင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူးကျော်ဟန်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဌေး၊ မိတ်ဖက်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသူ ၁၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



---

# မိုးစပါးသီးနှံ ဖျက်ပိုးကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲဆောင်ရွက်

**မြောင်းမြ အောက်တိုဘာ ၂**

မိုးစပါးသီးနှံတွင် ကျရောက်တတ်သော ဖြုတ်ပိုး၊ ရွှေခရုကျရောက်ဖျက်ဆီးမှုနှင့် ဖျက်ပိုးများကြောင့် သီးနှံစိုက်တောင်သူများ သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရေး ကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာ (၅) မိုင် ပညာပေးစခန်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှုအရ သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ပြီး သီးနှံစိုက်တောင်သူ ၅၄ ဦး တက်ရောက်ကာ နည်းပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီဖြစ်သော မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်မှ လှူဒါန်းသည့် ပိုးသတ်ဆေးနှင့်ရွက်ဖျန်းမြေသြဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ကို ကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အမိန့်အမှတ် (၃၂/၂၀၂၄)ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသော TRUST Entertainment သည် စိစစ်ရေးအဖွဲ့သို့ တင်ပြထားခြင်းမရှိသော ဆင်ဆာမှုနှင့်ငြိစွန်းသည့် ဗီဒီယိုဖိုင်တစ်ဖိုင်ကို လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အတွက် TRUST Entertainment ကို စည်းမျဉ်းစည်းကမ်းများ မလိုက်နာသဖြင့် ၎င်း၏ လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို ယာယီရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး စိစစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၂**

ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလှူငွေများကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းအရာရှိများ ကငွေကျပ် ၁၅ သိန်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ရွာ ဦးမောင်ကိုက ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် ၆၅ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂**




နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ရေထုတ်မြောင်းများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ကျေးရွာအတွင်း ရေတင်ကျန်သည့် နေရာများမှ ရေများထွက်ရှိရေး၊ အမှိုက်များ၊ ဒိုက်များ၊ သဲနုန်းများ ရှင်းလင်းဖယ်ရှားရေးတို့ကို အမြန်ဆုံးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာ၊ စည်ပင်ကြီးကျေးရွာများအတွင်း ရေဝင်ရောက်ခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ချောင်းကမ်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ နေပြည်တော်-ကင်းသာ - ကိုးကွေ့- လိန်းလီ-ပင်လောင်းလမ်းသို့ ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၇/၁) ၌ ပန်းချောင်းသံပေါင် ယာယီဘေလီတံတား တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် တောင်ကျရေများ စီးဆင်းမှုကြောင့် လမ်းဘေး ဝဲ/ယာရှိ တောင်ကမ်းပါးယံများမှ ကျောက်တုံး ကျောက်ခဲများ၊ မြေသားများပြိုကျပြီး လမ်းသားများ ပျက်စီးခဲ့သည့်နေရာများကို လမ်းဦးစီးဌာနက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် လုပ်သားများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အဆိုပါလမ်းရှိ မိုင်တိုင်အမှတ် (၃) တွင် လမ်းပေါ် ရေကျော်မှုအား ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ရေစီးဆင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကြီးထောင့်မြို့နယ်၌ မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းအား ပိုးမွှားရောဂါကျရောက်မှု အခြေအနေ ကြည့်ရှုစစ်ဆေး

**ကန့်ကြီးထောင့် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းအား ပိုးမွှားရောဂါကျရောက်မှုအခြေအနေကြည့်ရှုစစ်ဆေးခြင်းနှင့် ပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကွင်းယားအရှေ့ကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏လမ်းညွှန်မှုအရ သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲမှညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီးမှ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကွင်းယားအရှေ့ကျေးရွာ ကွင်းအမှတ် (၁၈၆-စီ)၊ ဧက ၁၀၀ မျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းစံပြကွက်တွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စိုက်ခင်းများအား ပိုးမွှားရောဂါကျရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး ရေကြီးနစ်မြုပ်ဒဏ်ခံခဲ့ရသော စပါးစိုက်ခင်းများတွင် အထွက်နှုန်းထိခိုက်မှု လျော့နည်းသက်သာစေရန်အတွက် ပြန်လည်ကုစားရန်လိုအပ်သည့် နည်းစနစ်များနှင့် ပြန်လည်စိုက်ပျိုးမည့် သီးနှံများအတွက် ပျက်စီးသွားသော မြေဆီလွှာပြန်လည်ပြုပြင်ရေးနည်းလမ်းများ၊ ကြုံတွေ့နိုင်သောဖျက်ပိုးများကြောင့် သီးနှံစိုက်တောင်သူများ သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရေး နည်းပညာပေးဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့ရာ သီးနှံစိုက်တောင်သူ ၆၉ ဦးတို့က တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက နည်းပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီဖြစ်သော မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်က လှူဒါန်းသည့် ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ညောင်လေးပင်မြို့၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ




**ညောင်လေးပင် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ညောင်လေးပင်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဇော်နိုင်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပြီး ရဲမှုထမ်းဟောင်းနှင့် တပ်ဖွဲ့ဝင်မိသားစုများအား တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

**"Empowering the next generation for a resilient future"**

**အောက်တိုဘာလ (၁၃) ရက်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနှောဖလှယ် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (၂၀၂၄) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနှောဖလှယ် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (၂၀၂၄) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲတွင် ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်အသင်းနှင့် ဆေးတက္ကသိုလ်မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဆေးတက္ကသိုလ်မကွေးအသင်းက နှစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကာ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု၊ နှစ်သိမ့်ဆု၊ တတိယဆုရရှိသူများကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဒုတိယဆုရရှိသည့်အသင်းကို ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပထမဆုရရှိသည့်အသင်းကို ကျန်းမာရေးဝန်ကြီးဌာန တံခွန်စိုက်ဖလားနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစား**

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိအားကစားရုံ (A)တွင်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ၊ ပထမ၊ ဒုတိယ ၊ တတိယ၊ ပူးတွဲ တတိယဆုရအသင်းများနှင့် ကီလိုတန်းအလိုက် အမျိုးသား အမျိုးသမီး အကောင်းဆုံးကစားသမားဆုရရှိသူများ၊ မျိုးဆက်သစ် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခု ရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် မျိုးဆက်သစ် အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ကြေးနှစ်ခု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေရှစ်ခု၊ ငွေနှစ်ခု၊ ကြေးလေးခု ရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ရွှေ၁၁ ခု၊ ငွေသုံးခု၊ ကြေးငါးခုဖြင့်ရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ဂျူဒိုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။



**ပေးအပ်ချီးမြှင့်**

ထို့ပြင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပလျက်ရှိသော ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး မာရသွန်ပြေးပြိုင်ပွဲယှဉ်ပြိုင်ကစားပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့်ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ ၂၀၂၄ ခုနှစ် (၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ကျင်းပရာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လက်ဝှေ့ဒိုင်လူကြီးများ ဂုဏ်ပြုဆုနှင့် "လူသစ်တန်း၊ "က" တန်း၊ အလွတ်တန်း" အဆင့် ဗိုလ်လုပွဲများတွင် တစ်ဦးချင်းဆုရရှိသူများအား တပ်မတော်လက်ဝှေ့ကော်မတီ အတွင်းရေးမှူး တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံမှ ကျောင်းအုပ်ကြီးကလည်းကောင်း၊ "လူသစ်တန်း" အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(၁)ကလည်းကောင်း၊ "က"အဆင့် အကောင်းဆုံး လက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ(၂)ကလည်းကောင်း၊ " အလွတ်တန်း "အဆင့် အကောင်းဆုံး လက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ(၁)ကလည်းကောင်း၊ "လူသစ်တန်း"၊ "က"တန်း၊ "အလွတ်တန်း"အဆင့် တံခွန်စိုက်ဒိုင်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ၂၀၂၄ ခုနှစ် (၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းရရှိသော တောင်ပိုင်းစစ်ဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအတွက် ဆရာ

✻ တုတ်ပြကာ
နှုတ်ကသာ ကြိမ်းသော်ငြား။
✻ သိစေ တတ်စေချင်တဲ့
ရင်ထဲက မေတ္တာစမ်း
ချမ်းမြေ့ဆပွား။
✻ အိုးလေးကောင်းစေဖို့
ထုထောင်းကာ နာနာပုတ်။
✻ စားသွေးကျောက်ပမာ
ဟောက်ပက်သာ နောက်ဆုံးဘဝ
ဆရာ့သရုပ်။
✻ ကျောသားရင်သား မခွဲခြား
သမီးသား ထပ်တူပင်။
✻ ဆရာ့မေတ္တာ စေတနာများ
ကြီးမားဂုဏ်အင်။
✻ နှိုင်းတုမရ
အနန္တဂိုဏ်းဝင် ကျေးဇူးရှင်
သွန်သင်ဆုံးမ လမ်းမှန်ပြ။
✻ တစ်ပြားမရှိပေမယ့်
တပည့်မရှားတာ ဂုဏ်ယူတတ်
မြင့်မြတ်ပါလှ။
✻ အမျိုးသား စည်းကမ်းအစ
စာသင်ကျောင်းက အခြေခံ။
✻ အသိ အတတ် အလိမ္မာနဲ့
စာရိတ္တ စည်းကမ်း သွန်သင်မနေး
မြင်တွေး မှန်ကန်။
✻ ဆရာကောင်းတပည့် ပန်းကောင်းပန်
လမ်းကြောင်းမှန် ဘဝအခြေမြင့်။
✻ ဆရာအတတ်ပညာ၌
"နာသုံးနာ" ဆင့်ကာပေါင်းစေမှ
တပည့်တို့ဘဝ ရွှေထီးဆောင်း
ကောင်းမြတ်ဂုဏ်တင့်။
✻ ဆရာကောင်းမှ တပည့်လှ
နိုင်ငံ့အလှ ဆင်နိုင်မည်။
✻ ဆရာထက် သာလို့
ဆရာထက် တပည့်တော်မှ
အသိမချော် လမ်းမထောင့်
ပန်းဝင်ဖြောင့်မည်။
✻ ပညာချွန် နှလုံးလှ
ဗလငါးတန် ပြည့်စေရည်
တိုင်းပြည်ချစ်စိတ် သံမှိုစွဲ။
✻ သစ်တစ်ပင် ကောင်းရင်ဖြင့်
ငှက်တစ်သောင်းတို့ ဘဝစခန်း
ချမ်းမြေ့မည်ပဲ။
✻ တို့မြန်ပြည် အနာဂတ်
ထူမတ်ကြခိုင် လိုပါလျှင်။
✻ ပညာရေး အဆင့်
မြှင့်ရမည်ပင်။
✻ ဆရာတို့ကဏ္ဍ
ဆရာတို့ဘဝလည်း လှစေချင်
ထောက်ကူမြှင့်တင် ပျိုးထောင်မှ။
✻ ဆရာတိုင်းတော်
ဆရာတိုင်း ပျော်လည်းပျော်မှ
ပြည့်မျက်ဖျော် သမီးသားတို့
ကြီးပွားစည်ပင် ဂုဏ်ရည်ဝင့်
တင့်နိုင်မည်ပဲ့။ ။

(သင်ဆရာ၊ မြင်ဆရာ၊
ကြားဆရာအပေါင်းတို့အား
အစဉ်လေးစားဦးညွှတ်ဂုဏ်ပြုလျက်)

ဇော်မင်းမင်းဦး

## ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ထားဝယ် အောက်တိုဘာ ၂

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်အောင်မျိုးထွန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးဦးဝင်းနောင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အား



ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်း၊ ခွက်နင်းကစားနည်းများနှင့် စာအုပ်များ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ကျောင်းသား ကျောင်းသူ ၁၂၈၀ ခန့် တက်ရောက်ခဲ့ကြပြီး ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြဘုတ်များနှင့်စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရသည့် ယာဉ်လိုင်းများအတွက် လူမှုရေးထောက်ပံ့ငွေပေးအပ်

**ပျဉ်းမနား အောက်တိုဘာ ၂**

ပြည်ထောင်စု နယ်မြေ၊ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နေပြည်တော် ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)၏ ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရသည့် ယာဉ်လိုင်းများအား လူမှုရေးထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီဝင် နေပြည်တော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဦးက အမှာစကား ပြောကြားပြီး နေပြည်တော် မထသ(အဝေးပြေး) ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းများမှ နေပြည်တော်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀အား လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဥက္ကဋ္ဌဦးမင်းဦးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၁ ရက်တွင် တိုင်ဖွန်း မုန်တိုင်းရာဂီကြောင့် နေပြည်တော် ဘောဂသီရိကားဝင်းအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ယာဉ်လိုင်းဂိတ်များအား လူမှုရေးထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင်




ကားဂိတ်ခန်းနှင့် ယာဉ်အသင်းပူးတွဲအပိုင် ၂၇ သင်းအတွက် ငွေကျပ် ၁၃၅၀၀၀၀၀၊ နေ့စဉ် ယာဉ်စီးရေ ငါးစီးနှင့်အထက် ၁၂ သင်းအတွက် ငွေကျပ် ၄၂၀၀၀၀၀၊ နေ့စဉ် ယာဉ်စီးရေ လေးစီးနှင့်အောက် အသင်း ၅၀ အတွက် ငွေကျပ် ၁၀၀၀၀၀၀၀ စုစုပေါင်း ၈၉ သင်း အတွက် ငွေကျပ် ၂၇၇၀၀၀၀၀ အား ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

■

## ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း လူရွေးချယ်ပွဲကျင်းပ

တောင်ငူ အောက်တိုဘာ ၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုပိုက်ကျော်ခြင်း အမျိုးသားအသင်း ရွေးချယ်ဖွဲ့စည်းနိုင်ရေးအတွက် ဆရာအတတ်ပညာဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ တောင်ငူပညာရေးဒီဂရီကောလိပ် မိုးလုံ လေလုံအားကစားခန်းမ၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသည်။

အဆိုပါပညာရေးဝန်ကြီးဌာနမှ ဦးစီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း လူရွေးချယ်ပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာနမှ ရှစ်ဦး၊ အခြေခံပညာဦးစီးဌာနမှ ငါးဦး၊ဆရာအတတ်ပညာဦးစီးဌာနမှ ၁၇ ဦး စုစုပေါင်း ပိုက်ကျော်ခြင်း ကစားသမား ၃၀ လာရောက်အရွေးချယ်ခံကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂

မှော်ဘီ၊ တိုက်ကြီးနှင့် ထန်းတပင်မြို့နယ်များတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မှော်ဘီမြို့နယ်တွင် (၄)ရပ်ကွက် အောင်ချမ်းသာလမ်း ရန်ကုန် - ပြည်လမ်းဘေးနှင့် အမှတ်(၂)ရပ်ကွက် ဘုရားကြီးလမ်း ကောက်ကွက်များ၊ တိုက်ကြီးမြို့နယ်တွင် ရန်ကုန် - ပြည်လမ်းဘေးတာဝကျေးရွာနှင့် အိုးတန်းရပ်ကွက် ကောက်ကွက်များနှင့် ထန်းတပင်မြို့နယ် ရေဖြူကျေးရွာရှိကောက်ကွက်တို့တွင် စာရင်းစစ်၊ စာရင်းကောက်များက၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကိုကြည့်ရှု၍ စာရင်းစစ်၊ စာရင်းကောက်များအနေဖြင့် ကောက်ယူရမည့်အချက်အလက်များကို စနစ်တကျ မေးမြန်းကောက်ယူပြီး လုပ်ငန်းများအောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး အားပေးစကားများ ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စာရင်းကောက်ကွက်ပေါင်း ၁၅၆၈၆ ကွက်အတွက် စာရင်းစစ်၊ စာရင်းကောက် ၇၀၇၇ ဦးက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက် ညသန်းခေါင်ယံအချိန်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)





# သနပ်ပင်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

သနပ်ပင် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ သန်းခေါင်စာရင်းကောက်ကွက်များတွင် ယနေ့နံနက်ပိုင်းက ဆက်လက်၍ ကွင်းဆင်းကောက်ယူမှုများကို ဆောင်ရွက်ခဲ့သည်။ သန်းခေါင်စာရင်းကောက်ကွက်များတွင် လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာများကို အချက်အလက် ၆၈ ချက် မေးမြန်းကာ Mobile Tablet များဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးချကာ ကောက်ယူကြောင်းသိရသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဋ္ဌေးနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ကြည့်ရှုအားပေး

**ချောင်းဆုံ အောက်တိုဘာ ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှ စတင်ကောက်ယူလျက်ရှိရာ ညနေပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေ၊ ချောင်းဆုံမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ချောင်းဆုံအရှေ့ရပ်ကွက် သင်္ကြောကျေးရွာနှင့် တပ်နယ်အတွင်းရှိ သန်းခေါင်စာရင်းကောက်ကွက် ၁၄ ကွက်ရှိ လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်စွာ ရရှိရေးအတွက် အိမ်ထောင်စုအသီးသီးတို့၏ လူဦးရေဆိုင်ရာ အချက်အလက်များ၊ အိမ်အကြောင်းအရာများကို စာရင်းကောက်သူများက စနစ်တကျ မေးမြန်းနေမှုများကို တစ်အိမ်တက်ဆင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



ချောင်းဆုံမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၁၇၂ ကွက်ရှိပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို စာရင်းစစ်၊ စာရင်းကောက် ၆၅ ဦးတို့မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇီးကုန်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှုအား တာဝန်ရှိသူများ ကြည့်ရှုအားပေး

ဇီးကုန်း အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုအား ယနေ့တွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဇီးကုန်းမြို့နယ်အနေဖြင့် ရပ်ကွက် (၅) ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၉) အုပ်စု၊ ကျေးရွာ ၁၃၂ ရွာတွင် စာရင်းကောက်ကွက် ၂၀၄ ကွက်အား စာရင်းစစ်၊ စာရင်းကောက် ၈၀ ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး သန်းခေါင်စာရင်းကောက်ကွက်များသို့ ကြည့်ရှုအားပေး



မန္တလေး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက် ၆၂ အေ-၁၁၆-၁၁၇ လမ်းကြားရှိ သန်းခေါင်စာရင်းကောက်ကွက်၌ ယနေ့နံနက်ပိုင်းတွင် သန်းခေါင်စာရင်းကောက်ယူနေသည့်နေရာသို့ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးစိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ဝင်းအောင်မျိုး၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူးဦးအောင်သွင်တို့က သန်းခေါင်စာရင်းကောက်ယူနေသည့် နေအိမ်များတွင် စာရင်းကောက်နှင့် အိမ်ရှင်များ သန်းခေါင်စာရင်း မေးခွန်းမေးမြန်းဖြေကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၂၂၂


## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ကောက်ယူနေမှုမြင်ကွင်း



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်/ စာရင်းကောက်များက အောက်တိုဘာ ၂ ရက် နံနက် ၇ နာရီတွင် မြို့ပေါ် (၅) ရပ်ကွက်နှင့် ကျေးရွာများ၌ စာရင်းကောက်ယူစဉ်။ မြို့နယ် (ပြန် / ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဒုတိယနေ့ကောက်ယူစဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဆက်လက်ကောက်ယူစဉ်။ ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဒုတိယနေ့ကောက်ယူစဉ်။ ရဲဇော်ဟိန်း(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဒုတိယနေ့ကောက်ယူစဉ်။ ကျော်ကျော်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ရှိ မြို့ပေါ်ရပ်ကွက်များသို့ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဒုတိယနေ့ကောက်ယူစဉ်။ ဝင်းမြင့်အောင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဒုတိယနေ့ကောက်ယူစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဒုတိယနေ့ကောက်ယူစဉ်။ မင်းလွင်ဦး(တန့်ယန်း)



မင်္ဂလာဒုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစ၍ ကောက်ယူလျက်ရှိသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန် /ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို မြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများတွင် စတင်ကောက်ယူစဉ်။ ထက်မြင့်(ကျွန်းစု)



မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို မြို့မ(၁) နိုင်လုံကွမ်လှာ ရပ်ကွက်/ကျေးရွာများ၌ စတင်ကွင်းဆင်းကောက်ယူစဉ်။ အောင်မျိုးသူ (ပြန်/ဆက်)



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းကို ပန်းဘဲတန်းမြို့နယ်၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ကွင်းဆင်းကောက်ယူစဉ်။ ဥမ္မာကျော်(ပန်းဘဲတန်း)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂**

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Nyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ညီညီအောင်အား နံနက် ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "@user 9338069275500" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ် ထန်းကိုးပင်ကျေးရွာနေ ချိုလွင်ဦးနှင့် "ko.gyi 0636" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်းစိုင်းကျေးရွာနေ နိုင်းကိုကိုတို့အား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ "myatsoenaungto" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နွယ်နီကျေးရွာနေ မြတ်စိုးနောင်(ခ) နောင်နောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတပ်မြို့ ကားလမ်းမကြီးတစ်လျှောက်ရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂**

ချင်းပြည်နယ် မင်းတပ်မြို့ အနောက်ရပ်ကွက် ဘုရင့်နောင်လမ်းခွဲရှိ မင်းတပ်-မတူပီ ကားလမ်းမကြီးတစ်လျှောက် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ သတင်းမှားသာဖြစ်ကြောင်း ဖြစ်စဉ်အမှန်မှာ မင်းတပ်မြို့နယ်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာကာ လူသစ်စုဆောင်းနေကြောင်းနှင့် ဆက်ကြေးကောက်ခံနေကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်သွားရောက်စဉ် အကြမ်းဖက်သမားများက စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လာရာလမ်းအတိုင်း ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံတိုက်ခိုက်ခြင်း မပြုလုပ်နိုင်ရန်အတွက် အဆိုပါမြို့နယ်အတွင်းရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် လူနေအိမ်များကို အကာအကွယ်ရယူ၍ မြို့/ရွာများအတွင်း တိုက်ပွဲများ ဖော်ဆောင်နေသော အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချသည့် သတင်းတု၊ သတင်းမှားများဖြင့် ဝါဒဖြန့်ဝေ ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့နယ်ရှိ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် အောက်တိုဘာ ၁ ရက်က တင်သားကျေးရွာ၊ ကျောက်ဖူးကျေးရွာ၊ ဒိုးနွယ်ကျေးရွာနှင့် အရှေ့စီးကျေးရွာတို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများ ပစ်ခတ်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုကြောင့် ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ကလေးမြို့နယ် ကျန်သာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၀-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊ စက်တင်ဘာလ)(ဒုတိယပိုင်း)
- ၀၉:၂၅ NRC အစီအစဉ်
- ၀၉:၄၅ ပိဘာဆရာပူးပေါင်းကလေးပညာရေးကောင်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၀:၄၀ ပြည်သူအားလုံးပါဝင်လို့သန်းခေါင်စာရင်းကောက်ကြစို့
- ၁၁:၃၅ NEXT LEVEL
- ၁၃:၀၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၃:၃၀ MRTV National News
- ၁၅:၂၅ မျိုးဝုဏ်တင့်စေဆိုကရေးတီးအငြွေ
- ၁၅:၄၀ Soccer View
- ၁၆:၅၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်အကဲဖြတ်လုပ်ငန်းအဖွဲ့ဆွေးနွေးခန်း (ခေတ်ဟောင်းကာလပေါ်အမျိုးဝုဏ်ဇာတိဝုဏ်တေး)
- ၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊ စက်တင်ဘာလ)(တတိယပိုင်း)
- ၁၇:၄၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကစားကွက်' (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၇)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဥယျာဉ်နန်းကပန်းသခင်'

### mitv

- 07:02 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:08 The Four Famous of Bagan
- 07:28 A Trip to Gyobyu Reservoir (Part-1)
- 08:01 News
- 08:26 Underwater Photographer
- 08:48 Healthy Diet: Detox Water
- 09:01 Dances of Myanmar: Rvwang Traditional Dance
- 09:07 Myanmar Big Circular Tray
- 09:22 Chef Life: Kelvin Hong Song (Chinese Chef)
- 09:55 Lets Serve in the Military by Upholding Partriotism and Nationalism
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(လူမျိုးများဆိုင်ရာအခေါ်အဝေါ်)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
အဖိမြန်မာပြည်မြောက်ဖျားစွန်းဘက်က ရေခဲတောင်ရှိရာသီ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မြင်းခွာရွက်နှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(တိရိစ္ဆာန်အခေါ်အဝေါ်)

**ချင်း (လိုင်စိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ရာသီပန်းများနှင့်ဖလမ်းမြို့

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
လက်ခတ်သံတညံညံ(နိုင်လုံကျေးရွာကမွန်ရိုးရာလက်ရက်ကန်း)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရထားဆွဲပွဲ)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ငုံးဥနှင့်ကျန်းမာရေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ငေါင်းဖို့ရည်ရွယ်မှုသာ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၃၄)

### MRTV FARMERS' / Hi TV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ 'စိုက်ပျိုးမွေးမြူသုတဘက်' ကြံသီးနှံကဏ္ဍအနာဂတ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၄၀ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့
- ၁၈:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Platnet 1

### MRTV SPORTS / Hi TV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ ဟံသာဝတီဖလားအသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲ Final(Replay) ရန်ကုန်တိုင်းဒေသကြီးအသင်း Vs ပဲခူးတိုင်းဒေသကြီးအသင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



**ပေးအပ်လှူဒါန်းလျက်ရှိ**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထို့သို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်ရှိ အောင်သုခ၊ ပေါင်းလောင်း၊ ဘိုကိုးလုံးနှင့် ဟေမာန်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ထို့နောက် အောင်သုခကျေးရွာရှိ အောင်သုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာသီရိအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ မယ်ဆိုင်ချောင်းကူးတံတား ချောင်းရေဖြင့် မျောပါပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မယ်ဆိုင်ချောင်းရေမြင့်တက်လာပြီး လွယ်တော်ခမ်းကျေးရွာရှိ အရှည် ပေ ၁၀၀၊ အကျယ် ၁၅ ပေရှိ မယ်ဆိုင်ချောင်းကူးသံပေါင် ဘေလီတံတားသည် ရေစီးနှင့် မျောပါပျက်စီးသွားခဲ့သည်။

တံတားပျက်စီးခဲ့သည့်နေရာ၌ ယခုအခါ ယာယီတံတားဆောက်လုပ်ထားရှိ၍ မော်တော်ဆိုင်ကယ်နှင့် လူများဖြတ်သန်းသွားလာနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ကာ တံတားအသစ်အား အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မယ်ဆိုင်ချောင်းကူးတံတားပျက်စီးခဲ့သည့်နေရာအား အောက်တိုဘာ ၁ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်





# ရေဝင်ရောက်ခဲ့သည့် အထက်တန်းကျောင်း(ခွဲ)၌ ဝမ်းတွင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်

ဝမ်းတွင်း အောက်တိုဘာ ၂

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သရက်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်ခဲ့သော နုန်းများ၊ ရွှံ့နွံများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် မီးသတ်ရေသယ်ယာဉ်ဖြင့် ရေထိုးဆေးကြောခြင်းများကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးဟိန်းမင်းထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင် ငါးဦးနှင့် ဆရာများက မီးသတ်ရေသယ်ယာဉ်တစ်စီး၊ Tohatsu မီးသတ်စက်တစ်လုံးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်

# သာယာဝတီထောင်တွင် နိုင်ကျဉ်းအမျိုးသမီးတစ်ဦးကို သံအချွန်ဖြင့်ထိုးသော အကျဉ်းသူကို ထောင်အာဏာပိုင်များက အရေးယူမှုမရှိဟု Khit Thit သတင်းဌာနက မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြ

နေပြည်တော် အောက်တိုဘာ ၂

Khit Thit Media အမည်ခံ Facebook Page တွင် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက "သာယာဝတီထောင်တွင် နိုင်ကျဉ်းအမျိုးသမီးတစ်ဦးကို သံအချွန်ဖြင့်ထိုးသော အကျဉ်းသူကို ထောင်အာဏာပိုင်များက အရေးယူမှုမရှိ" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းများ မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှန်အားစိစစ်ရာ သာယာဝတီဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားအကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကိုချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား အကျဉ်းသူများသာရှိကြောင်း၊ ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီခွဲတွင် အမျိုးသမီးအိပ်ဆောင်မှ အကျဉ်းသူ မချစ်မိုးဆွေ(ခေါ်) ဂေါ်ဇီထုပ်သည် သွားတိုက်ဆေးပျောက်ဆုံးရာမှ ၎င်းနှင့် ကပ်လျက်နေသူ အကျဉ်းသူ မလှလှဝင်း (ခ) မအေးလေးနှင့် အချင်းများရာမှ လုံးထွေးရန်ဖြစ်ခဲ့ကြောင်း၊ ထိုသို့ရန်ဖြစ်ရာတွင် မည်သည့်လက်နက်မှမပါဘဲ လုံးထွေးသတ်ပုတ်ခြင်းသာဖြစ်ပြီး ဦးစီးအရာရှိ ဒေါ်နန်းတင်က ဖြစ်စဉ်အား ထောင်တာဝန်ခံ အရာရှိထံ သတင်းပို့တင်ပြခဲ့ရာ ထောင်တာဝန်ခံအရာရှိက အဆိုပါ အကျဉ်းသူနှစ်ဦးအား ရန်ဖြစ်ခြင်းပြစ်မှုအတွက် စာဖြင့် သတိပေးပြစ်ဒဏ်ချမှတ်ခဲ့ပြီး အိပ်ဆောင်ပြောင်းပေးခဲ့ကြောင်း။

ထောင်အာဏာပိုင်များက အရေးယူမှုမရှိဆိုသည်မှာ မှန်ကန်မှုမရှိဘဲ သာယာဝတီဗဟိုအကျဉ်းထောင်တွင် နေ့စဉ်သာမန်ရှာဖွေခြင်း၊ ရှောင်တခင်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်ရှာဖွေရေးများ တင်းကျပ်စွာ ဆောင်ရွက်သည့်အတွက် သံချွန်လက်နက်ရှိနေခြင်း၊ ထိုးနှက်ခြင်းမှာ လုံးဝမဖြစ်နိုင်ကြောင်း၊ မချစ်မိုးဆွေ (ခေါ်) ဂေါ်ဇီထုပ်သည် ယခုတစ်ကြိမ်သာ စကားများရန်ဖြစ်ခြင်း ဖြစ်သောကြောင့် ဒုတိယအကြိမ် ကိုယ်ထိလက်ရောက် ကျူးလွန်သည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

ဦးစီးအရာရှိ ဒေါ်နန်းတင်သည် ထောင်ဖွင့်ချိန်မှ ထောင်ပိတ်ချိန်အထိ အမျိုးသမီးအိပ်ဆောင်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး မည်သည့်အကျဉ်းသူများကိုမဆို ဘက်မလိုက်ဘဲ အကျဉ်းထောင်အက်ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ အုပ်ချုပ်လျက်ရှိကာ အကျဉ်းသူများအပေါ်တွင် သွေးခွဲအုပ်ချုပ်ခြင်း၊ ဖိနှိပ်ခြိမ်းခြောက်ခြင်း၊ အကျဉ်းသူ မိသားစုများထံတွင် ငွေကြေးတောင်းခံခြင်းများမရှိဘဲ ဥပဒေမဲ့ဆောင်ရွက်ကြောင်းအထောက်အထားဖြင့် တင်ပြလာပါက စစ်ဆေး၍ ပေါ်ပေါက်ပါက အရေးယူမည်ဖြစ်သည်။

သာယာဝတီဗဟိုအကျဉ်းထောင်အနေဖြင့် ၎င်းအကျဉ်းသူနှစ်ဦးအား တရားဝင်အပြစ်ပေးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး ထောင်တာဝန်ခံအရာရှိမှ ပြင်ပသို့ မပေါက်ကြားစေရန် အကျဉ်းသူများကို ခြိမ်းခြောက်ပြောဆိုခြင်းများမရှိကြောင်း၊ Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်းဖော်ပြခြင်းသာဖြစ်သည်။ သစ္စာ

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်　အောက်တိုဘာ　၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၂၈ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ သုည ဒသမ ၁၃ ပေ တိုးလာခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ-၂.၁၀.၂၀၂၄
(၆:၀၀)နာရီ

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၃၈၃၁ | ၆၂၆.၆၇ | ၅၆၃၄၄၇ | ၁၆၇၇၄ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၂၈ | ၁၆၄၅၈ | ၁.၀၅ | ၆၂၆.၅၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၀၁၅ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၂.၀၀ | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၅၉၈ | ၅၁၈.၈၅ | ၈၈၆၃၁ | ၁၄၈ | ၁.၁၅ | ၃၁၃၉ | - | - | ၀.၄၈ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၁၅ | ၁၀၈၂၇ | ၇ | ၁.၈၅ | ၁၄၃၀ | - | - | ၀.၄၆ | ၅၁၀.၂၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၇၄၀ | ၄၃၇.၉၀ | ၆၉၇၀၀ | ၂၄ | ၁.၁၀ | ၃၃၀၀ | - | - | ၂.၀၀ | ၄၃၇.၇၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၇၈ | ၅၃၅.၀၀ | ၇၅၀၀၀ | - | - | - | ကန်ရေပြည့် | | ၁.၀၀ | ၅၃၅.၀၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁၂ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | ၀.၂၇ | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၉၇ | ၇၀၂.၈၀ | ၁၀၃၅၈၃ | ၂ | ၇.၂၀ | ၃၉၅၀၇ | - | - | ၀.၅၈ | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၁၃ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၁၈ | ၈၆၄.၅၀ | ၁၀၇၀၁ | - | ၅.၅၀ | ၃၈၉၉ | - | - | ၀.၉၅ | ၈၆၄.၄၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၅ | ၆၇၄.၀၀ |

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန်　အောက်တိုဘာ　၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁၇)ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။



**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အဖွင့်အမှာစကားများပြောကြားကြသည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက ငွေကြေးခဝါချမှုနည်းပုံစံများ ဖြစ်သည့် အိမ်ခြံ/မြေ/ မော်တော်ယာဉ် စသည့် အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း၊ ငွေကြေးလဲလှယ်ခြင်းနှင့်ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှောပြသခြင်း၊ အမည်ခံ/ ဘဏ္ဍာထိန်း/မိသားစုဝင်/တတိယအဖွဲ့အစည်းများ အသုံးပြုခြင်း၊ သဏ္ဌာန်ဆောင် ကုမ္ပဏီများကို အသုံးပြုခြင်း၊ ငွေဆက်သားကို အသုံးပြုခြင်း၊ ကုန်သွယ်မှုအသုံးပြုခြင်း၊လောင်းကစား (ထီ)အသုံးပြုခြင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို အသုံးပြုခြင်းများကို သင်ကြားပို့ချပေးခဲ့သည်။

**လစဉ်ပုံမှန်ဖွင့်လှစ်**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများကို လစဉ်ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့်သင်တန်းသို့ သင်တန်းသား ၁၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ ပညာရေး ငွေစု၊ ငွေချေးသမဝါယမအသင်း လီမိတက်၏ အစည်းအဝေးကျင်းပ

**မှော်ဘီ　အောက်တိုဘာ　၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ပညာရေး ငွေစု၊ ငွေချေးသမဝါယမအသင်းလီမိတက်၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပညာရေး ငွေစု၊ ငွေချေးသမဝါယမအသင်း သဘာပတိနှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စမ်းစမ်းဝင်းတို့က အမှာစကားပြောကြားပြီး ပညာရေး ငွေစု၊ ငွေချေးသမဝါယမအသင်းမှ အသင်းသား ဒေါ်ခိုင်သီတာက ဘဏ္ဍာရေးရှင်းတမ်းများအား ရှင်းလင်းဖတ်ကြား၍ အသင်းသားများအား အစုပေါ်အမြတ်ငွေကျပ် သိန်း ၁၂၀ အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး



ပဲခူး အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားသည်။

**ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကြံပြုတင်ပြ**

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကော်မတီအလိုက် တောင်ငူခရိုင် ရေကြီးရေလျှံမှု ဖြစ်စဉ်အတွင်း ဆောင်ရွက်ပေးခဲ့သည့် ကူညီကယ်ဆယ်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ရေဘေးသင့်ပြည်သူများ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အကြံပြုတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အဖွဲ့ဝင်များက ပြန်လည်ထူထောင်ရေးနှင့် ထိခိုက်ပျက်စီးမှုဆိုင်ရာ စာရင်းဇယားကောက်ယူရေးဆိုင်ရာ အချက်အလက်များကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# "အချစ်တေးကဗျာ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်လျက်ရှိရာ အောက်တိုဘာ ၄ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် "အချစ်တေးကဗျာ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင် ရသနှင့် ရုပ်ရှင်သရုပ်ဆောင် နေဒွေး၊ နာမည်ရတေးသံရှင်များဖြစ်ကြသည့် အောင်ဇမ္ဗူ၊ စိုးမိုး၊ လင်းဘုန်းကျော်၊ ရုပ်ရှင်သရုပ်ဆောင် ဆောင်းယွန်းစံ၊ တေးသံရှင် မြင့်မြတ်သူ၊ စျာစျာန်ဟံသာ၊ သီရိနှင့် မြင့်မြတ်ကျော်တို့က သီတင်းကျွတ်အကြို ရင်ခုန်ကြည်နူးစရာ အချစ်တေးကဗျာများကို သီကုံးဖွဲ့ဆိုထားသည့် တေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# "ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်




နေပြည်တော် အောက်တိုဘာ ၂

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ အောက်တိုဘာ ၅ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၃) မင်္ဂလာဒုံ မူလတန်းကြိုကျောင်းနှင့် ရွှေပေါက်ကံမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channelမှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၅ | ၃၂၁၅ | ၃၁၉၀ | ၃၁၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၁၈၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၈၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၈၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❂ ကျောဖုံးမှ**

ယန်းဘွိုင်းစ်အသင်းကို ငါးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဒေါ့မွန်အသင်းက ဆဲလ်တစ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မန်စီးတီးအသင်းက ဆလိုဗန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အောက်တိုဘာ ၂ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ ဒေါ့မွန်အသင်းက ချန်ပီယံလိဂ်နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်ခြောက်မှတ်ရရှိခဲ့ကာ ဂိုးကွာခြားချက်ကြောင့် ဘရက်စ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ကို ကျော်ဖြတ်ကာ ထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော ပွဲစဉ်တွေမှာတော့ လေဗာကူဆင်အသင်းက အေစီမီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အင်တာမီလန်အသင်းက ရက်စတားအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဘရက်စ်အသင်းက ဆဲလ်ဘတ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး စတုဂတ်အသင်းနဲ့ စပါတာရက်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ပီအက်စ်ဗွီအသင်းနဲ့ စပို့တင်းအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

## မြစ်သားမြို့နယ်၌ ရေဘေးသင့်ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

မြစ်သား အောက်တိုဘာ ၂

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဆုံးရှုံးခဲ့ရသော ငါးမွေးတောင်သူများအား ငါးသားပေါက်များ အခမဲ့ ငါးမျိုးစိုက်ထည့်ပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ နယ်စပ်ဒေသနှင့် လုံခြုံရေးရာဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်ဝန်ထမ်းများ၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြစ်သားမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကူမဲမြို့အုပ်ချုပ်ရေးအဖွဲ့နှင့် ကူမဲမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံနှင့်ဝန်ထမ်းများ၊ ရေဘေးသင့်ပြည်သူများ၊ ငါးမွေးတောင်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြသည်။




အဆိုပါအခမ်းအနားတွင် ကူမဲငါးလုပ်ငန်းစခန်းက ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်မှ ရေဘေးကြောင့်ဆုံးရှုံးခဲ့သော ငါးမွေးတောင်သူ ၁၀ ဦးအား နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက် ကောင်ရေ ၆၃၃၄၀ အား အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် ထောက်ပံ့ငွေများ ပေးအပ်



မအူပင် အောက်တိုဘာ ၂

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် ခရိုင်အဆင့်အသက်အကြီးဆုံးဘိုးဘွား နှစ်ဦးနှင့် မအူပင်ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေလှူဒါန်းပေးခြင်းကို ယမန်နေ့က တာဝန်ရှိသူများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ သွားရောက်ထောက်ပံ့ပေးရာတွင် မအူပင်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်စိုးကျော်နှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက ခရိုင်အဆင့် မအူပင်မြို့နယ်မှ အသက်အကြီးဆုံး အဘိုး၊ အဘွား နှစ်ဦးတို့အား တစ်ဦးလျှင် တစ်သိန်းနှုန်း၊ မအူပင်ဘိုးဘွားရိပ်သာအတွက် အလှူငွေငါးသိန်း၊ အဘိုး၊ အဘွား ၃၈ ဦးတို့အား တစ်ဦးလျှင် နှစ်သောင်းနှုန်းနှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များက ဘိုးဘွားရိပ်သာအတွက် ဆေးပဒေသာပင် တစ်သိန်း၊ အသက်အကြီးဆုံးဘိုးဘွား နှစ်ဦးတို့အား တစ်ဦးလျှင် သုံးသောင်းနှုန်းနှင့် အာဟာရဒါနပစ္စည်းများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့် အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာ ကြိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှု အားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များစိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများ ထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ရေဝင် ရေထွက် ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုက်များ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ်ကာရံထားရန်၊ ကာရံထားသော သဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများအား ငါးရောဂါစစ်ဆေးခြင်း နှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက် ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူသယ်ယူရွှေ့ ပြောင်းနိုင်မည့်လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့် ငါးများအတွက် သင့်တော်သော ရေအရည်အသွေး ရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည် မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အစ္စရေး၏ ထိုးစစ်အရှိန် တိုးမြှင့်လာမှုကြောင့် ဒေသတွင်းစစ်ပွဲ ဖြစ်လာစေနိုင်ဟု အီဂျစ်ဝန်ကြီးချုပ်သတိပေးပြောကြား

ကိုင်ရို အောက်တိုဘာ ၂

အစ္စရေး၏ တစ်ဖက်သတ်ထိုးစစ်အရှိန် တိုးမြှင့်လာမှုကြောင့် ဒေသတွင်းစစ်ပွဲ ဖြစ်လာစေနိုင်သည်ဟု အီဂျစ်ဝန်ကြီးချုပ် မူစတာဖာမက်ဗိုလီက အောက်တိုဘာ၂ရက်တွင်သတိပေးပြောကြားခဲ့သည်။

ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဩဇာကြီးမားသော အင်အားကြီးနိုင်ငံများက ကြားဝင်ဖျန်ဖြေရန် လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ဘနွန်တောင်ပိုင်းတွင် အစ္စရေး၏ ထိုးစစ်တိုးမြှင့်လာမှုကို အီဂျစ်က ရှုတ်ချခဲ့ပြီး လက်ဘနွန်၏ အချုပ်အခြာအာဏာကို ထိပါးရန် ကြိုးပမ်းမှုမှန်သမျှကိုလည်း ရှုတ်ချကြောင်း အီဂျစ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

လက်ဘနွန်နှင့် ဂါဇာကမ်းမြောင်ဒေသတို့တွင် အပစ်အခတ်ရပ်စဲရေး ချက်ချင်းလုပ်ဆောင်ရန် အီဂျစ်အစိုးရက တောင်းဆိုခဲ့သည်။

အစ္စရေးသည် မကြာသေးမီက ဘေရွတ်မြို့နှင့် ၎င်း၏ ဆင်ခြေဖုံးဒေသများအား လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။

အီရန်ကလည်း အောက်တိုဘာ ၁ ရက်တွင် အစ္စရေးနိုင်ငံသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ယင်းကဲ့သို့တိုက်ခိုက်ခြင်းမှာ ဟားမတ်စ်၊ ဟစ်ဇ်ဘိုလာနှင့် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများကို အစ္စရေးက လုပ်ကြံခဲ့သောကြောင့် တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# နှစ်ရှည်သီးနှံ ဩဇာပင်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



မင်းဘူး အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျွဲသိုးမြောင်၊ ထောက်ရှာပင်၊ ကျောက်တန်းနှင့် ရေမြက်ကျေးရွာတို့တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့် ဩဇာသီးနှံကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ဩဇာပင်ကို မိုးဦးကျကာလများဖြစ်သည့် ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီး ငါးနှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဩဇာသီးအညိုရောင်မျိုးနှင့် အစိမ်းရောင်မျိုးများဖြစ်ပြီး အစိမ်းရောင်မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဩဇာစေ့ကို ပျိုးထောင်၍ ခြောက်လသားအရွယ်တွင် ရှစ်ပေအကွာ စိုက်ကျင်းများ၌ မြေချစိုက်ပျိုးရပြီး တစ်ဧကလျှင် ဩဇာပင် ၂၅၀ ကျော်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ဩဇာပင်သည် နှစ်ရှည်သီးနှံဖြစ်သောကြောင့် နှစ်စဉ်ပြုစုပျိုးထောင်ရပြီး စတင်စိုက်ပျိုးသည်မှ အသီးခူးဆွတ်ရသည်အထိ တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ဩဇာပင်တစ်ပင်လျှင် အလုံးရေ ၆၀-၈၀ ထွက်ရှိပြီး တစ်ဧကလျှင် ဩဇာသီးအလုံးရေ ၁၅၀၀၀-၂၄၀၀၀ ခန့် ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိပြီး ဈေးနှုန်းအနေဖြင့် စက်တင်ဘာလနောက်ဆုံးပတ်တွင် ဩဇာသီးတစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၀၀၀-၄၀၀၀ ဖြင့်လည်းကောင်း၊ ဩဇာသီးအလုံး အရွယ်အစားအပေါ်မူတည်၍ တစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၅၀-၃၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချပြီး တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှု များပြားသောကြောင့် ဩဇာသီးအထွက်နှုန်း အနည်းငယ်လျော့နည်းသော်လည်း ဈေးနှုန်းကောင်းမွန်သည့်အတွက် ထိုက်သင့်သည့်အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

# သရက်ခရိုင်၌ နှံစားပြောင်းသီးနှံ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် ဈေးနှုန်းဈေးကွက်

မင်းလှ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကံတုပ်ကျေးရွာတွင် နှမ်း၊ ပဲစင်းငုံနှင့် ကုလားပဲသီးနှံများကို အဓိကစိုက်ပျိုးကြပြီး နှံစားပြောင်းသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကာ ၂၀၂၄ ခုနှစ်တွင် ၄၆ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နှံစားပြောင်းသီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလဆန်းတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ထွက်တိုး (နီ) နှင့် ထွက်တိုး (ဖြူ) မျိုးများဖြစ်ပြီး ထွက်တိုး (နီ) မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ နှံစားပြောင်းသီးနှံကို ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရပြီး တစ်ဧကလျှင် မျိုးစေ့တစ်တင်းခွဲခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၃၅-၄၃ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နှံစားပြောင်း ပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀-၃၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ခုနစ်သိန်းကျော်ခန့် အမြတ်ရရှိကြောင်း သိရသည်။

စက်တင်ဘာလ နောက်ဆုံးပတ်တွင် နှံစားပြောင်း တစ်တင်းလျှင်



၃၅၀၀၀-၃၈၀၀၀ ကျပ်ဖြင့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ အများဆုံးတင်ပို့ရောင်းချပြီး မင်းဘူးမြို့နှင့် မကွေးမြို့ရှိ ပွဲရုံများသို့လည်း တင်ပို့ရောင်းချကြောင်း၊ နှံစားပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်အစာအတွက် ဖူလုံမှုရှိပြီး အကျိုးအမြတ်ရရှိသည့် သီးနှံဖြစ်သောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

# အထက်မင်းလှမြို့နယ်၌ ကြက်သွန်နီသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

အထက်မင်းလှ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအုပ်စုရှိ ဂျင်ရဲမြောင် (စံပြ) ကျေးရွာတွင် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို စိုက်ပျိုးလျက်ရှိရာ စက်တင်ဘာလနောက်ဆုံးပတ်အထိ ကြက်သွန်နီ ဧက ၄၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကြက်သွန်နီသီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ကြက်သွန်နီ (ဇော်မွှားဥစိုက်) မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးဥအရွယ်အစားပေါ်မူတည်၍ ပိဿာချိန် ၃၅၀-၄၀၀ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ခန့်ထွက်ရှိခဲ့ပြီး ကြက်သွန်နီသီးနှံပေါ်စအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀-၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ အကျိုးအမြတ်အနေဖြင့် ငွေကျပ်သိန်း ၉၀ ကျော်ခန့်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန် (ဘုရင့်နောင်ပွဲရုံ) သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၂-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | - | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၄၈၀၀ | | ၉၀၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၆၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၇၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၀၀၀ | ၁၄၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၉၈၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၅၀၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၅၀၀၀ |
| ၁၂ | မိုးညှာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၇၇၅၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၇၆၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၄၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၅၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၄၅၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၅၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၅၉၀ | ၁၂၆၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၂၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၅၉၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၈၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၂၉၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |




သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
ကြေးမုံ
သတင်းစာတွင်
ကြော်ငြာစို့။

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွာသစ်ကျေးရွာရပ်ကွက်၊ ငုရွှေဝါ(၂)လမ်း၊ အမှတ်(၁၀၇)၊ ဧရိယာအကျယ်အဝန်း(၂၀ x ၆၀)ပေရှိ မြေကွက်မှာ အမွေအဖြစ်ရရှိသူ မူလပိုင်ရှင် ဒေါ်ယဉ်လှထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ် တစ်ထပ်တိုက်(၁)လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို အရှုပ်အရှင်းမရှိပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသည့် အမှတ်-၁၀၇၊ ငုရွှေဝါ(၂)လမ်း၊ ရွာသစ်ကျေးရွာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ ဦးမင်းခန့်ဝင်း[၁၂/ဒဂတ(နိုင်)၀၉၂၅၆၃] နှင့် ဒေါ်ထက်ထက်ဝင်း[၁၂/ဥကတ(နိုင်)၁၇၇၉၃၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိဖြူသင်း[၁၃/လရန(နိုင်)၁၄၅၇၁၂] အမှတ်-၉၁၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်တွင် နေထိုင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါကြောင်းနှင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ အခြားကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ**
**ဒေါ်ဖြိုးပပ (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၁၂၀၅၇**
**အမှတ်-၂၄၈/က၊ ရွှေဒေါင်းပျံလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၇၉၄၁၇၉၄၈၂**




## တံတားဦးခရိုင်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

တံတားဦး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက တံတားဦးမြို့ မြို့မရဲစခန်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ဝင်းနိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာအားဖတ်ကြားပြီး တံတားဦးခရိုင်အတွင်းရှိ ရဲစခန်းများမှ တိုက်ပွဲထူးချွန်ဆု၊ ကြိုးစားအားထုတ်မှုဆု၊ မှုခင်းဖော်ထုတ်ဖမ်းဆီးရရှိမှုဆု၊ ပြေးလေးပြေးဖော်ထုတ်ရရှိမှုဆု၊ သင်တန်းထူးချွန်ဆု၊ ရဲတပ်သားသစ်စုဆောင်းရရှိမှုဆု ရရှိကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ပေးအပ်သည်။



ဆက်လက်၍ ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာနှင့်ပတ်သက်သည့် မိသားစုအိမ်လိုင်းခန်းသန့်ရှင်းရေးဆု၊ စိုက်ပျိုးရေးအကောင်းဆုံးဆုရရှိသော ရဲတပ်ဖွဲ့ဝင်ဇနီးများကို ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်အေးက ဆုများပေးအပ်သည်။ ထို့နောက် တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးဇော်ဝင်းနိုင်က ရဲမှုထမ်းဟောင်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

❖ မြန်မာအမျိုးသမီးလိဂ်မှ

၃၁ မိနစ်တွင် ဖြူဖြူဝင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် လင်းမြင့်မိုရ်က ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား အေးအေးထွေးက ရရှိသည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရှေ့ဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် စန္ဒာအောင်က ရရှိသည်။

ပွဲစဉ် (၁၉) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၆ ပွဲကစား ၄၄ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၆ မှတ်၊ ရှေ့ဝတီအသင်းက ၁၇ ပွဲကစား ၂၇ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၂၃ မှတ်၊ သစ္စာအားမာန်အသင်းက ၁၆ ပွဲကစား ၁၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ခုနစ်မှတ်၊ YREO အသင်းက ၁၇ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL

## ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်းကွင်းအမှတ်(၀၂)၊အုပ်စုအမှတ်(RA-2)၊အကွက်အမှတ်(တ-၀၂)၊မြေကွက်အမှတ်(၂၈၈၅)၊ဧရိယာ(၄၀'×၆၀')ရှိသည့်၊ ဒေါ်တင်ဥ(၁၂/တတန(နိုင်)၀၈၇၈၅၆) အမည်ပေါက်၊ ယာယီမြေပေးမိန့်အမျိုးအစားမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်တရားဝင်အမည်ပေါက်သူ-ဒေါ်တင်ဥ ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၃၃၇) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၂၁)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်- ၄၆၅ နေ ဒေါ်အေးအေးထူး [၁၂/မရက(နိုင်)၀၁၀၂၆၇]၏ အရေးအခွင့် လွှဲအပ်တာဝန်ပေးညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးထူး ပိုင်ဆိုင်သော အမည်ပေါက် မြေကွက်များနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ လက်ဝယ်ထားရှိသောပိုင်ဆိုင်မှုအားလုံးကို မည်သူ့ကိုမျှ ကိုယ်စားဆောင်ရွက်စေခိုင်းခြင်းများ ခွင့်ပြုထားခြင်းမရှိကြောင်းနှင့် အရပ်ရပ်ကိစ္စများအား ဒေါ်အေးအေးထူးကို တိုက်ရိုက်ဆက်သွယ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးထူး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး တားမြစ် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ** |
| **ဒေါ်အေးအေးထူး** | **ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L.,Advocate** |
| **(Ph-09-5052949)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၇) (၂၇-၁-၂၀၂၁)** |

**အမှတ်-၁၁/၁၁၀၊ ပထမထပ်၊ ပြည်လမ်း၊**
**၈မိုင်၊ ၄ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-5161186, 09-250060731**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ လူနေရပ်ကွက်အမှတ်(၁၅၅)၊ လွတ်လပ်ရေးလမ်းသွယ်၊ မြေကွက်အမှတ် (၅၈၄/က)၊ အကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ)၊ ဧရိယာ (၀.၀၂၇၅)ဧက၊ စတုရန်းပေ (၁၂၀၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးအပ္ပဒူဟောက် (AK-101588) ကွယ်လွန်သွား၍ ၎င်း၏ဇနီး ဒေါ်မူနီယံခါတူ (AK-100676)ထံက စာချုပ်အဆက်စပ်မူရင်းများဖြင့် အဆင့်ဆင့်ဝယ်ယူ၍ အရှုပ်အရှင်းပြဿနာကင်းပြီး လက်ရှိပိုင်ဆိုင်သည်ဟု ဦးအောင်မျိုး [၁၂/ဒဂရ(ပြု) ၀၀၀၂၂၀]က အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်နန်းခမ်းလှိုင် [၁၂/တကန(နိုင်) ၁၄၀၃၄၄]က တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၅/၂၀၁၂) အမှတ်(၇၀၂)၊ ဗိုလ်တေဇလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-250000587, 09-799606825**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ၊ ကွင်းအမှတ်- ၅၉၀/A၊ ကွင်းအမည်- မှော်ဘီ(မြောက်)၊ ဦးပိုင်အမှတ်- ၆၁/၂ဆ၊ မြေအမျိုးအစား- G၊ ဧရိယာ- (.၁၁)ဧက၊ အကျယ်အဝန်း.(အလျား-၄၀ x အနံ-၁၂၀)ပေ အကျယ်ရှိ ဒေါ်ကြူကြူမာနှင့် ဒေါ်မီမီထွေး အမည်ပေါက်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကုလားကြီးကုန်းရပ်ကွက်၊ ရွှေဇင်ရတနာလမ်း၊ အမှတ်- ၆၁ ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ကြူကြူမာနှင့် ဒေါ်မီမီထွေးထံမှ 'နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်' အရ **ဦးကိုကိုဦး [၁၂/သဃက(နိုင်) ၁၄၇၇၂၇]**က ပေးချေဝယ်ယူလက်ရောက်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်းပြီး လက်ရောက်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုဦးမှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ချိုနွယ်အောင်[၁၂/မရက(နိုင်) ၁၂၂၇၆၁]**က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး မြေကွက်နှင့်နေအိမ်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ချိုနွယ်အောင်** | **ဒေါ်သိဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)** |
| **[၁၂/မရက(နိုင်)၁၂၂၇၆၁]** | **အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)** |

**အမှတ်(၃၁/A)၊ မြေညီထပ်(B-1)၊ ကန်လမ်း၊**
**ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စော/တောင်ရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ် (၈၀)၊ အခန်းအမှတ်- ၄လွှာ- A၊ အကျယ်အဝန်း- (အလျား- ၁၅ပေx အနံ- ၆၀ပေ ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၈-၆-၂၀၂၁)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ရှိပြီး မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မေသဇင်လွင် [၁၂/အလန(နိုင်) ၀၃၈၀၇၂] [၎င်း၏ညွှန်ကြားချက်အရ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ဆန်း [၁၂/အလန(နိုင်) ၀၁၈၅၉၀] တာဝန်ယူ လက်မှတ်ရေးထိုးသည်]က အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B , D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ သကမ- ၁၇၊ မင်းကျော်စွာ (၉)လမ်း၊ အမှတ်(၈၀၆)၊ ဦးဝင်းမောင်အမည်ပေါက် ပါမစ်မြေအမျိုးအစား(၄၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ အိမ်၊ ခြံ၊ မြေ အား တရားဝင်လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ညိမ်းအိစံ [၁၂/ပဇတ(နိုင်) ၀၃၅၄၀၉]ထံမှ ဒေါ်ခင်သန့်စင်ဖြူ [၈/တတက(နိုင်) ၁၂၃၆၀၈]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနောရစ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၆၇)**
**အမှတ်- ၁၇၁၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၇၇၅၇၀၀၉၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၂၇)လမ်း၊ အကွက်အမှတ် (L-၁၆၇) ဟုခေါ်တွင်သော ဒေါ်လှရှိန် အမည်ပေါက် စလစ်မြေအမျိုးအစားမြေကွက်၏ အကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ပေ) အတွင်းမှ (အလျား ၂၀ ပေx အနံ ၆၀ပေ) (မြောက်ဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသော ဦးဇော်အောင် [၁၂/သကတ(နိုင်) ၀၄၇၂၆၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သက်မွန်အောင် [၁၂/ကတန(နိုင်) ၁၄၈၃၈၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ်- ၁၃၁၈၁/၁၇)** | **(စဉ်- ၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ်- ၁၃၂၄၀/၁၇)** | **(စဉ်- ၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၁ နှင့်ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၉၂

| | | |
|---|---|---|
| ဒေါ်မာရီ | နှင့် | ၁။ ဦးရဲနောင် |
| | | ၂။ ဒေါ်လွင်လွင်ဌေး |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

**အမှတ် (၀/၉၀)၊ ကိန္နရီသစ်ခွ (၂)လမ်း၊ (၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ၁။ တရားရှုံး ဦးရဲနောင် နှင့် ၂။ တရားရှုံး ဒေါ်လွင်လွင်ဌေး (ယခုနေရပ်လိပ်စာမသိ)တို့** သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မာရီ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ (၈) ရက် (၁၃၈၆ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီ သီတင်းကျွတ်ကာလသို့ ရောက်ရှိမည်ဖြစ်၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (သောကြာနေ့)ညတွင် သီတင်းကျွတ်ချိန်ခါ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"အချစ်တေးကဗျာ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၄-၁၀-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"အချစ်တေးကဗျာ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၂)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ခပ်မိုက်မိုက်ချစ်ကြစို့ | ဌာနအဆိုရှင် |
| ၂။ | အချစ်ဆုံး | ပြင်ပအဆိုရှင် |
| ၃။ | အချစ်တေးကဗျာ | ပြင်ပအဆိုရှင် |
| ၄။ | သီတင်းကျွတ်မီးထွန်းပွဲတော် | ဌာနအဆိုရှင် |
| ၅။ | ချစ်တေးသံ | ဌာနအဆိုရှင် |
| ၆။ | အသဲနုတော့ကြောက်တာပေါ့ | ပြင်ပအဆိုရှင် |
| ၇။ | အချစ်စွမ်းအား | ပြင်ပအဆိုရှင် |
| ၈။ | သီတင်းကျွတ်ပွဲတော်ည | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၉။ | အချစ်မျက်ဝန်း | ပြင်ပအဆိုရှင် |
| ၁၀။ | ချစ်သူတို့လျှောက်သောလမ်း | ပြင်ပအဆိုရှင် |
| ၁၁။ | ငယ်ကျွမ်းဆွေ | ပြင်ပအဆိုရှင် |
| ၁၂။ | ၁၆နှစ်တစ်ရက်လျှော့ | ပြင်ပအဆိုရှင် |

## ပျောက်ဆုံးကြောင်း

ကျွန်တော် တင်သန်း [၈/ရစက (နိုင်) ၁၇၇၃၂၈]၏ ရေယာဉ်အုပ်လက်မှတ်- ဆဒ 857/016 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၁၉၃၄၂၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇/အနောက်၊ မြေကွက်အမှတ်- ၁၁၆၆/ခ၊ ဧရိယာ (၀.၀၂၇)ဧက၊ မြေကွက်တည်နေရာ အမှတ်- ၁၁၆၆/ခ၊ အောင်ချမ်းသာ (၈)လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအေးကို (TKA-၀၀၂၇၁၉)၊ ဒေါ်သောင်းသောင်းမြင့် (TKA-၀၃၂၄၂) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးလည်းဖြစ်သူ ဒေါ်သောင်းသောင်းမြင့်(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ/ကျန်ပူးတွဲ အမည်ပေါက်တစ်ဦးလည်းဖြစ်သူ ဦးအေးကို (TKA-၀၀၂၇၁၉)မှ ကွယ်လွန်သူ ဇနီးတွင် တရားဝင်ခင်ပွန်းဖြစ်သူ မိမိသာ ကျန်ရှိခဲ့ပါကြောင်း၊ အခြားသော ခင်ပွန်း / ယောကျ်ား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဇနီးဖြစ်သူနှင့် မိမိသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ ခင်ပွန်းဖြစ်သည့် မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဒေါ်သောင်းသောင်းမြင့် (ဇနီး)၏ သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## လင်မယားကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် မည်သို့မျှပတ်သက်မှုမရှိတော့ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်မြတ်သဇင်သန့် [၁၀/သထန (နိုင်) ၁၇၆၂၀၁]နှင့် ဦးမောင်ဟိန်း [၁၂/မဂဒ(နိုင်)၁၃၈၇၆၈]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် (၂၇-၉-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်တရားရုံး၊ ဒုတိယဦးစီးမှူးရှေ့မှောက်၌ လင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်မ ဒေါ်မြတ်သဇင်သန့်နှင့် ဦးမောင်ဟိန်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သဇင်သန့်**
**[၁၀/သထန(နိုင်)၁၇၆၂၀၁]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်သုခရပ်ကွက်၊ သန့်စင်လမ်း၊ အမှတ်(၃၆)နေ (ဦးစိုး)+ဒေါ်ခင်မမတို့၏သမီး မရီရီစိုး[၁၂/သလန(နိုင်) ၀၈၇၄၂၀]သည် မိဘအုပ်ထိန်းသူ၏ ဆိုဆုံးမမှုကို မလိုက်နာဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ (၂၈-၉-၂၀၂၄)ရက်တွင် ထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဤကြေညာပါသည့်နေ့မှစ၍ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

**မိခင် - ဒေါ်ခင်မမ**
**[၁၂/သလန(နိုင်)၀၂၂၅၆၉]**

## ကြော်ငြာစာ
## [အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂)]
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၅၂
### ကွယ်လွန်သူ ဦးလေးဖြစ်သူ ဦးအောင်သိန်း ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

၁။ ဒေါ်ခင်ခင်ဝင်း ------------ လျှောက်ထားသူများ။
၂။ ဒေါ်လှလှဝင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ပန်းဆိုးတန်းလမ်းမကြီး၊ အမှတ်- ၁၄၆၊ မြေညီထပ်၊ (လက်ဝဲနှင့်လက်ယာ) တွင် အမြဲတမ်းနေထိုင်ခဲ့သူ ဦးအောင်သိန်းသည် ၃၀-၁၂-၂၀၂၃ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး လျှောက်ထားသူများသည် ၎င်း၏တူမများဖြစ်ကြောင်း အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၈-၈-၂၀၂၄) ရက်နေ့တွင် ကျောက်တံတားခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်လှလှဝင်းတို့သည် (၁-၁၀-၂၀၂၄)ရက်နေ့တွင် ကျောက်တံတားခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိ ထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါပစ္စည်းများအား အမွေဆက်ခံခွင့် အက်ဥပဒေ ပုဒ်မ-၃၀၇(၂) အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာပါသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟုထင်မြင်လျှင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ (၁၃၈၆ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်လှလှဝင်းတို့၏လျှောက်လွှာကို ကြားနာဆိုင်ပြိုင်၍ ၎င်း၏အမွေထိန်းလက်မှတ်စာပါပစ္စည်းများအား အမွေဆက်ခံခွင့် အက်ဥပဒေ ပုဒ်မ-၃၀၇(၂)အား ဆက်လက်ဆောင်ရွက်ခွင့်ရှိ၊ မရှိ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားပိုင် လုပ်ငန်းသုံးခရီးသည်တင်ယာဉ် City Bus (၅)စီးနှင့် Taxi ယာဉ် (၃၇) စီး တို့အား Lot (၆)ခု သတ်မှတ်၍ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် (၁-၁၂-၂၀၂၄ မှ ၃၀-၁၁-၂၀၂၇ထိ) (၃)နှစ်သက်တမ်းဖြင့် ပြည်တွင်းပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသို့ ဈေးပြိုင် လေလံစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခြင်းအား (၂၉-၁၀-၂၀၂၄)ရက်နေ့၊ ၁၀း၀၀ မှ ၁၃း၀၀ နာရီတွင် စီးပွားရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူ ပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသို့ အများဆုံး Lot (၃)ခုအထိသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး Lot (၁)ခုချင်းအလိုက် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ငွေကျပ် ၅၀,၀၀၀/- နှုန်းဖြင့် ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်(၅၁)လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၃-၁၀-၂၀၂၄ မှ ၂၃-၁၀-၂၀၂၄ ထိ) ရုံးချိန်အတွင်း (ရုံးပိတ်ရက်မပါ) ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား၊ စီးပွားရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၄၅၁၀၀၃၃၊ ၄၅၁၀၀၉၉)သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးဆပ်ကော်မတီ

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃) ရပ်ကွက်၊ စံရိပ်ငြိမ်(၂)လမ်း၊ အိမ်အမှတ်(၆၃၉-က)၊ လူနေရပ်ကွက်(၅၃)၊ မြေကွက်အမှတ်(၆၃၉-က)၊ အကျယ်(၁၀x၆၀)ပေအား ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါမြေကွက်သည် ဦးလှဝင်းအမည်ပေါက်ဖြစ်၍ ပေအကျယ်(၂၂x၆၀) ပေမှ (၁၀x၆၀) ပေ မြေအား ဒေါ်ငြိမ်းငြိမ်းအိ[၉/လဝန(နိုင်)၂၈၃၅၄၅]မှ (၅-၇-၂၀၂၄) စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချရာ ဒေါ်ဟန်စုယဉ် [၁၂/မဂဒ(နိုင်)၁၆၆၈၃၁]မှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်နိုင်ခွင့်ရှိသည်ဆိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သူဇာအောင် LL.B, D.B.L, D.I.L** | **ဒေါ်ရီနွယ်သန်းLL.B** | **ဒေါ်ဝင်းဝင်းခိုင်LL.B** |
| **WIPO(G.C.I.P Switerland)** | **(စဉ်-၅၅၁၇၁/၂၂)** | **(စဉ်-၅၅၇၈၇/၂၃)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၉/၁၇)** | **အထက်တန်းရှေ့နေများ** | |

**ရုံး-မြောက်ဒဂုံတရားရုံးအနီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၉၉၃၇၊ ၀၉-၇၆၄၂၀၆၁၂၃**

## မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ
## လင်မယားကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေယျာအောင်(ဘ)ဦးဘတင်အောင် [၁၁/မအန(နိုင်)၀၃၈၉၁၂]နှင့် ဇနီးဖြစ်သူ ဒေါ်စိုးသန္တာအောင်(ဘ)ဦးအောင်သိန်း [၁၁/မအန(နိုင်)၀၄၂၃၁၀] တို့သည် (၂၀၁၉) ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြရာ ယခုအခါတွင် နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ အကြင်လင်မယားအဖြစ်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ နောက်နောင် **ဒေါ်စိုးသန္တာအောင်**နှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ ဦးဇေယျာအောင်နှင့် မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးဇေယျာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း အထက်တန်းရှေ့နေ (စဉ်-၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး**
**ဆက်သွယ်ရန်-၀၉-၂၅၃၈၈၀၂၇၈**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသော်လွင်ဦး [၁၂/ဥကတ(နိုင်)၁၆၃၇၄၇] နှင့် ဒေါ်အိအိချို [၁၄/ဒဒရ(နိုင်)၁၂၉၆၅၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသော်လွင်ဦး [၁၂/ဥကတ(နိုင်)၁၆၃၇၄၇] နှင့် ဒေါ်အိအိချို [၁၄/ဒဒရ(နိုင်)၁၂၉၆၅၁]တို့သည် (၂၈-၆-၂၀၁၁)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းလိုခြင်းဆန္ဒမရှိတော့သဖြင့် (၁-၁၀-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ကတိစာချုပ်ဖြင့် နှစ်ဖက်အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ သမီးဖြစ်သူ၏ အကျိုးစီးပွားမှလွဲပြီး ဦးသော်လွင်ဦးနှင့် ဒေါ်အိအိချိုတို့သည် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအရပ်ရပ်တို့တွင် လုံးဝ(လုံးဝ) ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်လွင်ဦး [၁၂/ဥကတ(နိုင်)၁၆၃၇၄၇] နှင့်**
**ဒေါ်အိအိချို [၁၄/ဒဒရ(နိုင်)၁၂၉၆၅၁] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဆွေဇင်ဦး(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၀၉၁၉) (၃၀-၄-၂၀၁၉)**
**အမှတ်(၉၀)၊ ၆-လွှာ၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-740954017**

ရွှေပြည်သာမြို့နယ်
မြေကွက်များ
အထူးဝယ်လိုသည်။
09-5139064

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈-၉-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးမင်းမင်းသိမ့်၏ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်းကြော်ငြာတွင် ဒုတိယထပ်(ခြေရင်းခန်း)အစား ပထမထပ် (၂-လွှာ) (ခြေရင်းခန်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်-၄၅၊ အခန်းအမှတ်(၃)၊ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် ဦးမောင်လွင် အမည်ပေါက်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသူ (လက်ရှိအမည်ပေါက်ဆောင်ရွက်လျက်ရှိသူ) ဒေါ်ခင်နှင်းဖြူ [၁၂/ဒဂန(နိုင်)၀၀၁၇၇၀] အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်သန္တာဝင်း(ခ)ဒေါ်မေသဲစု [၉/မမန(နိုင်)၀၇၆၈၂၉] မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း-၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်
## (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (ခ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ) အဆင့်ရှိသူ ဖြစ်ရမည်။ |
| (ဂ) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၅)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
( ဂ ) အပိုဒ် ၁၊ (က) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်စေရ။
(ဃ) အပိုဒ် ၁၊ (က) ပါ ရာထူးနေရာအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများဖြစ်ပါက ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်စေရ။
( င ) အပိုဒ် ၁၊ (ခ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။
( စ ) အပိုဒ် ၁၊ (ဂ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။
(ဆ) အပိုဒ် ၁၊ (ခ) (ဂ) ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) ကိုယ်ရေးလျှောက်လွှာ
( ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
( ဂ ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ
(ဃ) အပိုဒ် ၁၊ (က) ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မူရင်း/မိတ္တူ
( င ) အပိုဒ် ၁၊ (ခ) ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/မိတ္တူ နှင့် ယာဉ်မောင်းလိုင်စင် မူရင်း/ မိတ္တူ
( စ ) အပိုဒ် ၁၊ (ဂ) ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ
(ဆ) (၂) လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
( ဇ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်
( ဈ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်
(ည) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/ မိတ္တူ (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်) (သက်တမ်းတိုးပြီး)

၅။ အပိုဒ် ၁၊ (က) ပါ ရာထူးအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ အပိုဒ် ၁၊ (ခ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ (ဂ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm** နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၁၁-၁၁-၂၀၂၄ ရက်နေ့ မှ ၁၄-၁၁-၂၀၂၄ ရက်နေ့အထိ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)** တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၉။ လျှောက်လွှာများလက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်မှ ပေးပို့လာသည့် အလလခ (ပုံစံ - ၆)တွင် အမည်စာရင်းပါရှိသူများ၏ လျှောက်လွှာများကိုသာ ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များ၌ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ **လူကိုယ်တိုင်** လာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၁၁။ လျှောက်ထားသောရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းနှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန ၏ Website ဖြစ်သော **www.customs. gov.mm** နှင့် **www.maccs.gov.mm**၊ Facebook Page (MACCS)တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၂။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၃။ ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအလိုက် တင်ပြရန်လိုအပ်သော မူရင်းလက်မှတ်များဖြစ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည် ဖြစ်ပါသည်။

၁၆။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၁ ၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်
## (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) ရာထူး ကျား(၂၅) နေရာ၊ မ(၁၅)နေရာ၊ စုစုပေါင်း (၄၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၈-၂၀၂၄ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်(၂၈)နှစ်ထက် မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည် အသက် (၃၀)နှစ်ထက် မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅''၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂''၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာ ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(ဇ) အောက်ပါ ဘွဲ့/ မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [B.A(English)]၊ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)]

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့ [B.A (EPP)]

(၃) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)၊ ကွန်ပျူတာ နည်းပညာဘွဲ့ (B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech) သိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [B.Sc (Computer Science)]၊ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [ M.Sc (Computer Science)]

(၄) ဥပဒေဘွဲ့ (LL.B)၊ မဟာဥပဒေဘွဲ့ (LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ ဘောဂ ဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့ [M.Econ.(stats)]/ စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (BBA)၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာမဟာဘွဲ့ (MPA)/ လူဦးရေပညာဘွဲ့(BPS)၊ လူဦးရေပညာ မဟာဘွဲ့(MPS)

(၆) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ချီးမြှင့်သော ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ် ဘာသာ/ ရုရှားဘာသာ/ဂျာမန်ဘာသာ) [B.A(English, Thai, Japan, Korea, China, French, Russia, German)]၊မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ ထိုင်း ဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ်ဘာသာ/ ရုရှားဘာသာ/ ဂျာမန်ဘာသာ)[M.A (English, Thai, Japan, Korea, China, French, Russia, German)]

(၇) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာ ဆက်ဆံရေးပညာ)[M.A (IR)]

(၈) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[B.E.(Textile)]၊ မဟာအင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့် အထည်) [M.E. (Textile)]

(၉) အင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်) [B.E. (Mechatronic)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်) [M.E. (Mechatronic)]

(၁၀) အင်ဂျင်နီယာဘွဲ့(စက်မှု) [B.E. (Mechnical)]၊ မဟာအင်ဂျင်နီယာဘွဲ့ (စက်မှု) [M.E.(Mechnical)]

(၁၁) အင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E. (Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [M.E. (Civil)]

(၁၂) အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့် နည်းပညာ) [B.E. (Information Science and Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့ (သတင်း အချက်အလက် သိပ္ပံနှင့်နည်းပညာ)[M.E. (Information Science and Technology)]

(၁၃) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E. (Information Technology)]၊ မဟာ အင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E. (Information Technology)]

(၁၄) အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E. (Computer Engineering)]၊ မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [M.E. (Computer Engineering)]၊

(၁၅) သိပ္ပံဘွဲ့ (ရူပဗေဒ) [B.Sc (Phys)] ၊ မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) [M.Sc (Phys)]

(၁၆) သိပ္ပံဘွဲ့(ဓာတုဗေဒ)[ B.Sc (Chem)]၊ မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ) [M.Sc (Chem)]

(၁၇) သိပ္ပံဘွဲ့ (သင်္ချာ) [B.Sc (Maths)] ၊ မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc (Maths)]

(၁၈) သိပ္ပံဘွဲ့(ရုက္ခဗေဒ) [B.Sc (Botany)]၊ မဟာသိပ္ပံဘွဲ့ (ရုက္ခဗေဒ) [M.Sc (Botany)]

(၁၉) သိပ္ပံဘွဲ့(သတ္တဗေဒ)[B.Sc (Zoology)]၊မဟာသိပ္ပံဘွဲ့(သတ္တဗေဒ) [M.Sc (Zoology)]

(၂၀) သိပ္ပံဘွဲ့ (ဘူမိဗေဒ) [B.Sc (Geology)]၊ မဟာသိပ္ပံဘွဲ့ (ဘူမိဗေဒ) [M.Sc (Geology)]

(၂၁) သိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[B.Sc (IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ) [M.Sc (IC)]

(၂၂) စိုက်ပျိုးရေးသိပ္ပံဘွဲ့ [B.Agr.Sc (Agriculture Science)] စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)]

(၂၃) သိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့ [B.Sc (Environmental Science)] မဟာသိပ္ပံ (ပတ်ဝန်းကျင်ဘွဲ့ [M.Sc(Environmental Science)]

(၂၄) သိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[B.Sc (Biochemistry)]၊မဟာသိပ္ပံဘွဲ့ (ဇီဝဓာတုဗေဒ) [M.Sc (Biochemistry)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

(င) ပညာအရည်အချင်းအတွက် ဘွဲ့/ မဟာဘွဲ့လက်မှတ် မူရင်း/ မိတ္တူ

(စ) (၂)လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂'' x ၁.၄'') ဓာတ်ပုံ နှစ်ပုံ (ဓာတ်ပုံ ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေ စာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www. customs. gov.mm** နှင့် **www.maccs.gov.mm**၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၄-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီး ဌာနမှူးရုံးများ**တွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၃၇၆၃ | ဗန်းမော် | - | ၀၇၄-၅၀၂၈၆ |
| လွိုင်ကော် | - | ၀၈၃-၂၂၂၁၁၇ | မြဝတီ | - | ၀၅၈-၅၀၀၂၄ |
| ဘားအံ | - | ၀၅၈-၂၁၈၀၈ | ဟားခါး | - | ၀၇၀-၂၁၈၀၉ |
| မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ |
| စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ | မောင်တော | - | ၀၄၃-၅၅၀၂၁ |
| လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | - | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | - | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ |
| မုံရွာ | - | ၀၇၁-၂၁၁၆၁ | တမူး | - | ၀၇၃-၄၀၀၀၇ |
| မြိတ် | - | ၀၅၉-၄၁၀၀၂ | ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ |
| ကော့သောင်း | - | ၀၅၉-၅၁၀၀၅ | ပဲခူး | - | ၀၂၅-၆၅၄၅၅ |
| မကွေး | - | ၀၆၃-၂၈၇၁၆ | မန္တလေး | - | ၀၂-၄၀၇၀၃၂၇ |
| ပုသိမ် | - | ၀၄၂-၂၁၀၀၈ | နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အထက် ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက် အထားများနှင့်အတူ **လူကိုယ်တိုင်**လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့်လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန် သင်တန်းကျောင်း**) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www. customs.gov.mm** နှင့် **www.maccs.gov.mm**၊ Facebook Page (MACCS)တို့တွင် ကြေညာ ပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်းကျပ် ၁၈၀,၀၀၀- ၂၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန် ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ် ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး ရာထူးနေရာများတွင် ခန့်အပ်တာဝန် ပေးအပ်သွားမည် ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရမည်။

၁၃။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၄။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များ ဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁- ၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**


### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ် (၃၄၈)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၃၄၈)၊ သုခမ္မာလမ်း၊ (ဇ)ရပ်ကွက် ဒေါ်ကျင်ခိုင် [၁၂/ဥကမ(နိုင်) ၁၁၀၀၇၃]၊ ဒေါ်သန်း [၁၂/ဥကမ(နိုင်)၁၀၉၃၉၉]၊ ဒေါ်တင်ထွေး [၁၂/ဥကမ(နိုင်) ၁၀၉၃၉၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ကျင်ခိုင် ပိုင်ဆိုင်ခွင့်ရှိသော ခေါင်းရင်းဘက်ခြမ်းရှိ (၂၀x၆၀)ပေ မြေကွက်အား ဝယ်ယူခဲ့သူ ဦးဗိုလ်ဗိုလ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်- ၄၇၆/၂၀၂၁၊ ယင်းတရားရုံး၏ တရားမဇာရီမှု အမှတ်-၂၇၈/၂၀၂၂/၅-၆-၂၀၂၃ ရက်စွဲဖြင့် အရောင်းအဝယ်စာချုပ်အမှတ်- ၆၅၅၁/၂၀၂၄/၆-၈-၂၀၂၄ ဖြင့် ပိုင်ဆိုင်ပြီး တစ်ဖက်သတ်မြေကွက်ခွဲစိတ် မြေတိုင်းခွင့်ပြုပါရန် ဝင်စာအမှတ်- ၁၀၇၉၈/၂၁-၈-၂၀၂၄ ရက်စွဲဖြင့် တင်ပြ၍ မြေတိုင်း + မြေကွက်ခွဲ လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်- ၂၉၊ မြေကွက်အမှတ် (၉၇)၊ ဧရိယာ (၀.၀၈၂)ဧက၊ မြေကွက် တည်နေရာအမှတ် (၉၇)၊ နွယ်သာကီ လမ်းသွယ်၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ်၊ ဒေါ်စမ်းစမ်းမြင့် [၁၂/လမန (နိုင်) ၀၈၆၁၂၂] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဒေါ်စမ်းစမ်း မြင့် [၁၂/လမန(နိုင်) ၀၈၆၁၂၂] ဇနီး ဖြစ်သူသည် (၁-၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးအေးကြည် [၁၂/လမန (နိုင်) ၀၆၁၇၂၆]ထံမှ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ်- ၅၇၉ (၂၂-၂-၂၄) ရရှိသူ ဒေါ်နိုင်မေဖူးအောင် [၁၂/လမန (နိုင်) ၁၀၉၉၆၅]မှ ဂရန်မူရင်း၊ သေစာရင်း၊ ပါဝါ၊ ပါဝါပေးသူ သက်ရှိ ထင်ရှားရှိပြီး အထွေထွေကိုယ်စား လှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းထား ခြင်းမရှိကြောင်း ဒဂုံမြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၇/၂၂/၂၀၂၄ (၃-၇-၂၀၂၄)၊ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိ၊ မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ၎င်းက သာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါ ကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၇/၂၂/၂၀၂၄ (၃-၇-၂၀၂၄)၊ အသိသက်သေ (၂)ဦး၏ ထပ်ဆင့် ကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ် ရေးကတ်တို့ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ် [၁၂/လမန(နိုင်) ၀၈၆၁၂၂]ကို ကိုင်ဆောင်သူ ဒေါ်စမ်း စမ်းမြင့်နှင့် ဒေါ်စန်းစန်းမြင့် တစ်ဦး တည်းသာဖြစ်ကြောင်း မင်္ဂလာ တောင်ညွန့်မြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၅၀၉၁ (၂၄- ၇-၂၄)တို့ တင်ပြ၍ ပိုင်ဆိုင်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထား လာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## အမည်(၃)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကမာရွတ်မြို့နယ်နေ ဒေါ်စိန်သန်းခင် [၁၃/မတန(နိုင်)၀၀၁၅၇၁]၏ အမည်များမှာ ဒေါ်စိန်သောင်းခင်၊ ဒေါ်စိန်သန်းခင်နှင့် ဒေါ်နန်းစိန်သန်းခင် ဖြစ်သော်လည်း အမည် (၃)မျိုးစလုံးမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း၏ အမည်များသာဖြစ်ပါသည်။

**ဒေါ်စိန်သောင်းခင် (ခ) ဒေါ်စိန်သန်းခင် (ခ) ဒေါ်နန်းစိန်သန်းခင်**

---

## ရန်ကုန်မြို့၊သာကေတမြို့နယ်၊၄/မြောက်တိုးချဲ့ရပ်ကွက်၊ အောင်ရတနာလမ်း၊အမှတ်(၈၃/က)ဟုခေါ်တွင်သော(၁)ခန်းတည်း(၆)ထပ်တိုက်၏(၃)လွှာ၊ဒုတိယထပ်၊(၂၀' ၅၄)ပေအကျယ်ရှိတိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါတိုက်ခန်းအား ကန်ထရိုက်တာထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် **ဒေါ်မြင့်သီတာချို(၁၂/ဗတန(နိုင်)၀၀၂၅၂၅)**က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**

အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၂၂၁၀၀၀၇

---

## (၁၃-၉-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၅ တွင် မောင်အောင်မြင့် (ခ) အပါးပူး [၁၂/ပဘတ(ပြု)၀၀၀၄၆၄]၏ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ မမြသက်မှူး(ခ)နိုင်နိုင်ထွန်း [၁၂/သဃက(နိုင်)၂၀၇၀၁၄]နှင့် မောင်အောင်မြင့်(ခ)အပါးပူး [၁၂/ပဘတ(ပြု) ၀၀၀၄၆၄] တို့သည် (၁၂-၂-၂၀၂၃)ရက်နေ့တွင် ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့သည့် တရားဝင်လင်မယားများဖြစ်ကြပါသည်။

ထိုသို့ တရားဝင်လင်မယားအဖြစ်ရောက်ရှိပြီးနောက် မမြသက်မှူးသည် မောင်အောင်မြင့်၏နေအိမ်၌ လိုက်ပါပေါင်းသင်းကာ မယားဝတ္တရားနှင့်အညီနေထိုင်ပြီး မောင်အောင်မြင့်နှင့်ရရှိသော ရင်သွေးအားလွယ် ထားခဲ့ရပါသည်။ မောင်အောင်မြင့်အပေါ် မယားဝတ္တရားများကို လစ်ဟင်းမှုမရှိစေရအောင်ပြုစုပေးခဲ့သော်လည်း ခင်ပွန်းဖြစ်သူက ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်းပြုလုပ်သည့်အပြင် မိသားစုဝင်များကလည်း စိတ်နာကျင်အောင် ဆဲဆိုကြိမ်းမောင်းပြောဆိုခြင်းများ မကြာခဏကျူးလွန်လာပါသည်။ ကျွန်ုပ်၏မိတ်ဆွေ မမြသက်မှူးသည် ခင်ပွန်းဖြစ်သူ မောင်အောင်မြင့် ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်းကြောင့် ဒဏ်ရာရရှိကာ ထိုဒဏ်ရာများကို ကုသရန် ခင်ပွန်းဖြစ်သူနှင့် ခေတ္တခဏခွဲခွာ၍ မိဘများအိမ်၌ သွားရောက်နေထိုင်ရခြင်းဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ မောင်အောင်မြင့်နှင့် မိသားစုဝင်များ အပေါ်ရိုင်းပျစော်ကားခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိပါ။

ကျွန်ုပ်မိတ်ဆွေ မမြသက်မှူးနှင့် မောင်အောင်မြင့်တို့သည် ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ခဲ့ပြီး ယနေ့အချိန်ထိ တရားဝင်လင်မယားအဖြစ် ဆက်လက်တည်ရှိနေသေးကြောင်းကို မောင်အောင်မြင့်နှင့်တကွ အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်သူ**
**မမြသက်မှူး(ခ)နိုင်နိုင်ထွန်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၂၄)**
**အမှတ်-၄၄၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**Ph: 09-975643348, 09-443043490**

---

## (၂၁-၉-၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၆) (ကြော်ငြာ) ပါ ဦးဇာနည်လင်း [၁၂/ပဘတ(နိုင်)၀၂၆၀၉၀]၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်တင် (စဉ် - ၃၃၃၆)၏ ကြော်ငြာချက်ကို ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇာနည်လင်း [၁၂/ပဘတ(နိုင်) ၀၂၆၀၉၀] ၊ အမှတ်(၁၁၉)၊ (၃၂)လမ်း(အလယ်)၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်-

**ဦးလှဝင်း [၁၂/ပဘတ (နိုင်) ၀၀၁၅၂၄] ကိုင်ဆောင်သူနှင့် ဦးဇာနည်လင်းတို့သည် အထက်ဖော်ပြပါ သတင်းစာကြေညာချက်ပါ အကြောင်းအရာများကို မျက်နှာစုံညီ တွေ့ဆုံအပေးအယူပြုလုပ်ညှိနှိုင်း သဘောတူညီခဲ့ကြပြီးဖြစ်၍ အထက်ဖော်ပြပါ ကြေညာချက်အား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်ကြီး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇)**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၄၀၆**

---

## ဥတု ရာသီ တောကို မှီ၏

---

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ ဦးဆဘော်ဂမ်အောင် [၁/မကန (နိုင်) ၁၈၇၃၀၈]မှ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၀-၉-၂၀၂၄)နေ့စွဲပါ စာချုပ်အမှတ်-၇၅၁၈/၂၀၂၄ ဖြင့် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်-

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

KXD

**မှတ်ပုံတင်စာချုပ်အမှတ်- ၇၅၁၈/၂၀၂၄**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ဖုန်းအပိုပစ္စည်းအမျိုးမျိုးရောင်းချသည့်လုပ်ငန်းတွင် အသုံးပြုလျက်ရှိပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အသွေး ကာလာအမျိုးမျိုးပြုလုပ်ပြီး ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍လည်းကောင်း၊ ခေတ်မီပေါ်ပေါက်လာသည့် (Online Social Media) အမျိုးမျိုးတို့တွင် ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်း၊ ကြော်ငြာဗီဒီယိုဖိုင်များ ရိုက်ကူးတင်ပြခြင်းစသည့် နည်းပညာဆိုင်ရာ နည်းလမ်းအမျိုးမျိုးအသုံးပြု၍လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းများကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ထိုသို့ ပြုလုပ်သုံးစွဲဆောင်ရွက်နေကြောင်း တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ယု**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၈/၂၀၁၇)**
**အမှတ်-၁၄၊ ထင်းရှူးမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၃၉၀၂၈**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၆၁)၊ ဗိုလ်ဆွန်ပက်လမ်း၊ (မြေညီ)နေ မောင်ဇော်မင်းကိုကို [၁၂/ပဘတ(နိုင်) ၀၃၄၈၀၇]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင်တွင် ၎င်းနှင့်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကို ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း မောင်ဇော်မင်းကိုကိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း[၁၂/ပဘတ(နိုင်)၀၂၃၆၉၉]**
**ဒေါ်ခင်မျိုးဝင်း [၁၀/ကမရ(နိုင်)၀၀၀၀၈၂]**
**ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။**

---

## ဦးအေးသိုက်၊ ဦးလေးခိုင်၊ ဦးကျော်ထင်၊ ဦးဇော်မင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ချိုချိုခိုင်၏ (၂၆-၉-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)တွင် ကန့်ကွက်ဖြေရှင်းကြေညာချက်အပေါ် ဒေါ်တင်လှိုင်၊ ဒေါ်အေးအေးခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးအေးသိုက်၊ ဦးလေးခိုင်၊ ဦးကျော်ထင်၊ ဦးဇော်မင်းတို့သည် ဦးအေးသန်း (ကွယ်လွန်)နှင့် ဒေါ်တင်လှိုင်တို့၏ သားအရင်းများဖြစ်သည်မှာ မှန်သော်လည်း ဒေါ်အေးအေးခိုင်မှာ သမီးအကြီးဆုံးဖြစ်၍ ဩရသသား၏ အခွင့်အရေးခံစားခွင့်ရှိသူများမဟုတ်သည့်အပြင် ဒေါ်တင်လှိုင်သည် နောက်အိမ်ထောင်ပြုထားသူမဟုတ်၍ မိခင်သက်ရှိထင်ရှားရှိစဉ် မိခင်ပိုင်ပစ္စည်းများအပေါ် အမွေအဖြစ် အခွင့်အရေးတစ်ရပ်အနေနှင့် တောင်းဆိုခွင့်၊ အနှောင့်အယှက်အဟန့်အတားပြုခွင့် မရှိပါ။ မည်သို့ပင်ဆိုစေကာမူ ဒေါ်တင်လှိုင်အနေနှင့် ၎င်းပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိသောတိုက်ခန်းများအနက် တိုက်ခန်း(၂)ခန်းကို ထုခွဲရောင်းချပြီး ၎င်း၏စားဝတ်နေရေး၊ ကျန်းမာရေးအတွက်လည်းကောင်း သားသမီးများအား မိခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာစေတနာဖြင့် ခွဲဝေပေးရေးအတွက်လည်းကောင်း အသုံးပြုရန်ဆန္ဒရှိကြောင်း သိရှိရပါသည်။

သို့ရာတွင် ဒေါ်တင်လှိုင်၏ ပိုင်ရေးဆိုင်ခွင့်အပေါ် ဦးအေးသိုက် ပါ (၄)ဦးတို့၏ အနှောင့်အယှက် အဟန့်အတားပြုထားမှုကြောင့် မိခင်ကြီး၏ဆန္ဒမပြည့်ဝဘဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပေါ်ခံစားလျက်ရှိပါသည်။

ဒေါ်တင်လှိုင်နှင့် ကန်ထရိုက်တာ ဦးအောင်ဖြိုးဦးတို့ ချုပ်ဆိုထားသည့် RCC (၃½)တိုက်အဆောက်အအုံတစ်လုံးဆောက်လုပ်ရန် လုပ်ငန်းအပ်နှံသည့် (၁၀-၁၂-၂၀၂၃)ရက်စွဲပါ ကတိပဋိညာဉ်တွင် ဒေါ်တင်လှိုင်နှင့် ဒေါ်အေးအေးခိုင်တို့ အကြား ကတိကဝတ်တစ်စုံတစ်ရာ လက်မှတ်ရေးထိုးချုပ်ဆိုထားခြင်းမရှိပါ။

(၁၅-၉-၂၀၂၄)ရက်စွဲပါ စာချုပ်သည် (၁၀-၁၂-၂၀၂၃)ရက်စွဲပါ စည်းကမ်းချက်များ၊ သဘောတူညီချက်များကိုချိုးဖောက်၍ ဒေါ်တင်လှိုင်နှင့် ဒေါ်အေးအေးခိုင်တို့က မမှန်မကန် ဖော်ပြချုပ်ဆိုထားသောစာချုပ်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သောစာချုပ်မဟုတ်၍ အတည်မဖြစ်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပါ။ ဒေါ်တင်လှိုင်နှင့် ဒေါ်အေးအေးခိုင်တို့၏ (၁၈-၉-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ အများသိစေရန် ကြေညာစာအား ဆက်လက်အတည်ပြုကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ (၂၆-၉-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၅တွင် ဦးအေးသိုက် ပါ (၄)ဦးတို့၏ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း၊ မိခင်ကြီးနှင့် အစ်မကြီးတို့အား တောင်းပန်ကြောင်း ပြန်လည်ရှင်းလင်းကြေညာပေးရန် တောင်းဆိုအပ်ပါသည်။ ထိုသို့ကြေညာခြင်းမပြုဘဲ ဒေါ်တင်လှိုင်နှင့် ဒေါ်အေးအေးခိုင်တို့၏ ပိုင်ရေးဆိုင်ခွင့်အပေါ် အနှောင့်အယှက် အဟန့်အတားပြုလုပ်လာပါက မလွှဲမကင်းသာဘဲ ဥပဒေနှင့်အညီ တရားစွဲဆိုရတော့မည်ဖြစ်၍ ဖြစ်ပေါ်လာမည့် နှစ်ဦးနှစ်ဖက်နစ်နာမှုအရပ်ရပ်သည် ဦးအေးသိုက် ပါ (၄)ဦးတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**(၁) ဒေါ်တင်လှိုင်**
**[၁၂/လမန(နိုင်)၀၅၀၃၃၄]**
**(၂) ဒေါ်အေးအေးခိုင်**
**[၁၂/လမန(နိုင်)၀၅၀၃၃၃]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၄)**
**တိုက်အမှတ်(၉/၁၁)၊ အခန်းအမှတ်-၃၀၂(F)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၈၁၂၅၆**

---

## တစ်ဦးတည်း ဖြစ်ပါကြောင်း

သထုံမြို့နယ် (ခရိုင်ပညာရေးမှူးရုံး)၊ နောင်ဘိုကျေးရွာ၊ ကွင်းစပ်(၁)ပိုင်းနေ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်နော်မြရီ [၁၀/ကထန (နိုင်) ၀၂၄၈၆၉]၏ ဖခင် ဦးဘဒင်နှင့် ဦးဘတင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်မောင်ဝင်း၏ သမီး မငြိမ်းငြိမ်းအိ [၉/တကန (နိုင်) ၂၂၆၆၅၀]၏ နိုင်ငံကူးလက်မှတ် အမှတ် (MG 251766)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၈၀၉၇၅၇**

---

## သင့် သွေးဖြင့် အသက် ကယ်ပါ

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ အမှတ်- ၂၆၆ ခေါ်တွင်သည့် မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်တိုက်ရှိ ၃-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁ ပေx ၅၅ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မေတ္တာဖြင့် တိုက်ခန်းပေးကမ်းခြင်းစာချုပ်အရ မိခင်ဖြစ်သူ ဒေါ်အုန်းမြင့် [၁၂/အစန(နိုင်) ၀၇၆၄၉၂]မှ သားဖြစ်သူ ဦးအောင်မျိုးထွန်း [၁၂/အစန(နိုင်) ၀၇၉၃၈၈]ကို လက်ရောက်ပေးကမ်းထားသည့် တိုက်ခန်းဖြစ်ကြောင်းနှင့် ဦးအောင်မျိုးထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်အောင်အောင်ချို [၁၂/အစန(နိုင်) ၂၂၃၆၅၂]တို့မှ လက်ရှိထားနေထိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများကလည်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၅၃)**
**အမှတ်- ၄၅ (စီ)၊ ဒုတိယထပ်၊ လမ်း(၅၀)၊ အောက်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၄၇၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ် (၂)၊ ဦးအောင်ဘွင့်လမ်း၊ တိုက်အမှတ် (၂၅/၂၆)၊ (၂)လွှာ (B.1)၊ အခန်းအကျယ်အဝန်း (၁၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအလင် (ဓာတ်လှေကားအသုံးပြုခွင့်)၊ (ကိုယ်ပိုင်ကားပါကင်တစ်နေရာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နီနီနွဲ့လှိုင် [၁၁/ရဗန(နိုင်) ၀၅၂၆၉၁]မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ရှင်ဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှလှရွှေ (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၄၉)**
**အမှတ် (၁၉၁)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၀၀၄၈၉၀**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဗလမင်းထင်လမ်း၊ မြေကွက်အမှတ်(၂၈၀)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၂၇၇)နှင့်ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးဝင်းမော် (AG-၃၁၆၇၀၇)** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်အိမွန်နိုင်(ခ) ဒေါ်အေးအေးလွင်[၁၂/ဥကမ(နိုင်)၀၂၇၉၅၂]**သည် **"နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်- ၁၁၄၀၆)** | **(စဉ်- ၅၅၅၆၃)** | **(စဉ်- ၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဋ္ဌေး(ခ)ဒေါ်သန်းသန်းဋ္ဌေး(LL.B) (စဉ်- ၅၆၆၆၂)** | |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (UE.I.N)၊ မြေကွက်အမှတ်(၅၇၁)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)၊ ဦးတင် အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(၂၀ ပေ x ၆၀ ပေ)၊ အမှတ်(၅၇၁)၊ ကျန်စစ်သား(၁)လမ်း၊ UE တိုးချဲ့(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်လှတင် [၁၁/မပတ(နိုင်)၀၄၂၆၅၂]တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE.I.N)၊ မြေ ကွက်အမှတ်(၅၇၁)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)၊ ဦးတင် အမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (၂၀ ပေ x ၆၀ ပေ)၊ အမှတ်(၅၇၁)၊ ကျန်စစ်သား(၁)လမ်း၊ UE တိုးချဲ့ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်လှတင် [၁၁/မပတ(နိုင်)၀၄၂၆၅၂] တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်သည်ဖြစ်၍ ဒေါ်ခင်လှတင် သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဂရန်သစ်လျှောက်ထားခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | | |
|---|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်မို့မို့ထွဋ်** | **ဒေါ်ဝင်းရတနာလှိုင်** |
| **LL.B, D.B.L, D.M.L, D.I.L, D.C.W.E** | **LL.B, DBL, DIPL** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၅၅၈)** | **(စဉ်-၁၂၀၆၄)** | **(စဉ်-၁၉၀၀၆)** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၅၃၅၈၂၇၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အာဆင်နယ်၊ ဘာစီလိုနာ၊ ဒေါ့မွန်နဲ့ မန်စီးတီးတို့ နိုင်ပွဲကိုယ်စီရရှိခဲ့

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပထမဆုံးနိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။

**ဂိုးသွင်းယူ**

အာဆင်နယ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ မှာ ကိုင်ဟာဗက်ဇ်ကတစ်ဂိုး၊ ၃၅ မိနစ်မှာ ဆာကာကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခြားသောချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ဘာစီလိုနာအသင်း၊ ဒေါ့မွန်အသင်းနှင့် မန်စီးတီးအသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းက

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂



ဒေါ့မွန်အသင်းနှင့် ဆဲလ်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာအမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံအသင်း လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဆုရရှိ

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)ကို အောက်တိုဘာ ၂ရက်က ကွင်းသုံးကွင်း၌ တစ်ပြိုင်တည်းကျင်းပရာ အား/ကာသိပ္ပံအသင်းက ဂိုးပြတ်နိုင်ပွဲရယူပြီး လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ပြီးခဲ့သည့်ရာသီ ချန်ပီယံ မြဝတီအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုရာသီတွင် ပုံမှန်ခြေစွမ်းပြနေသည့် အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဆုရယူနိုင်ရန် သေချာခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ချန်ပီယံဆုကို တစ်ကျော့ပြန် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး သုံးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၁၀၊ ၁၂၊ ၄၆ မိနစ်တွင် လင်းမြင့်မိုရ်၊ ၃၆ မိနစ်တွင် မိုးမိုးသန်း၊ ၃၉၊ ၇၄ မိနစ်တွင် သင်ဇာချို၊ ၄၃ မိနစ်တွင် ဟေမာန်စိုးတို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❖

**ယနေ့ ဖတ်စရာ**

**ကလေးမြို့နယ်ရှိ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

**အစ္စရေး၏ ထိုးစစ်အရှိန် တိုးမြှင့်လာမှုကြောင့် ဒေသတွင်းစစ်ပွဲ ဖြစ်လာစေနိုင်ဟု အီဂျစ်ဝန်ကြီးချုပ် သတိပေးပြောကြား**

စာမျက်နှာ » ၁၈

**နှစ်ရှည်သီးနှံ ဩဇာပင် စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ**

စာမျက်နှာ » ၁၉